ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး**

ဆဋ္ဌမနေ့မှတ်တမ်း

**၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၀ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၆ ရက် )**

**[ တနင်္လာနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ ဆဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၃)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၀)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၇၆.၂၃)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ ဆဋ္ဌမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၂။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ၆-၈-၂၀၁၈ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း

မရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဝင် ဖြစ်သူ ကျွန်မ ဒေါ်မြတ်သီတာထွန်း က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကတော့ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ဝန်ကြီးဌာန ဘတ်ဂျက်အစည်းအဝေး တက်ရောက်။ ဒေါ်ခင်ဆွေလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဦးမင်းဆွေနိုင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးပြုံးလွင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးစောချစ်ဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်တင်ဆွေ၊ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဒေါက်တာမျိုးအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ မြန်မာ့အဏ္ဏဝါမြို့ ဥပဒေရေးဆွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်။ ဒေါ်လှဌေး(ခ) ဒေါ်အုန်းကြည်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးစခင်ဇော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဘတ်ဂျက်ညှိနှိုင်းအစည်းအဝေး တက်ရောက်။ ဦးထွန်းထွန်းဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးအောင်မျိုးလတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဦးကင်းရှိန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဦးဝင်းမြင့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဗိုလ်မှူးကြီးထိန်လင်း၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ စက်မှုဝန်ကြီးဌာနနှင့် ဘတ်ဂျက်စိစစ်ရေးကိစ္စ အစည်းအဝေးတက်ရောက်။ ဒေါက်တာပြည့်ဖြိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဒေါ်နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဒေါ်သန်းသန်းအေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဒေါက်တာစန်းမောင်မောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်တင့်လွင်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ရန်။ ဦးစောမိုးမြင့်(ခ)ဆင်မြူရယ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးစောဘီစံသိန်းမြင့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)၊ ၎င်းအတိုင်း။ ဦးစောသန်းထွဋ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဒေါ်နန်းမိုးမိုးထွေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးဝင်းဇော်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတက်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဆေးကုသရန်။ နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန်။ ဦးစိုးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ကျန်းမာရေး။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးယောနာ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ရေဘေးကယ်ဆယ်ရေးဆောင်ရွက်ရန်။ ဒေါ်လွီးဇာ၊ ကယား

ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးရဲထွဋ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)၊ ရှစ်လေးလုံးအစည်းအဝေး တက်ရောက်ရန်။ စောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ တတိယအကြိမ် လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံချက်ရေးဆွဲရေး အစည်းအဝေးတက်ရောက်။ ဒုတိယဗိုလ်မှူးကြီးမောင်မောင်စိုး၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဗိုလ်မှူးမျိုးမင်းအောင်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ကျန်းမာရေး။ ဦးတင်ဝေ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ အရှေ့တောင် အာရှဒေသတွင်း စပါးခင်းများတွင် ငါးမွေးမြူရေး တွဲဖက်ဆောင်ရွက်ခြင်းဆိုင်ရာ အစည်းအဝေး တက်ရောက်။ ဦးခင်မျိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဒေါ်မမလေး၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဦးဘမျိုးသိန်း၊ ရန်ကုန် တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဦးသက်နိုင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်းနှင့် ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ရေဘေးကယ်ဆယ်ရေး ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၅)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၄၈)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၅၃)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ် ပါတယ်ရှင်။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၅)ဦး၊ ယနေ့ ခွင့်ပန်ကြား

သဖြင့် ခွင့်ပြုထားသူ(၄၈)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၅၃)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## အရက်ကြော်ငြာများ စည်းကမ်းမဲ့စွာ ကျင့်ဝတ်သိက္ခာကင်းမဲ့စွာ အလွန်အကြူး ပြုလုပ်နေခြင်းများကို ထိန်းသိမ်းကြပ်မတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ ယခု မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာဦးကြွယ်ကြွယ် က အရက်ကြော်ငြာများ စည်းကမ်းမဲ့စွာ ကျင့်ဝတ်သိက္ခာကင်းမဲ့စွာ အလွန်အကြူး ပြုလုပ်နေခြင်း များကို ထိန်းသိမ်းကြပ်မတ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဒေါက်တာဦးကြွယ်ကြွယ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး များနှင့် ဧည့်သည်တော်များ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကြွယ်ကြွယ် ဖြစ်ပါတယ်။ အရက်ကြော်ငြာ များ စည်းကမ်းမဲ့စွာ ကျင့်ဝတ်သိက္ခာကင်းမဲ့စွာ အလွန်အကြူး ပြုလုပ်နေခြင်းများကို ထိန်းသိမ်း ကြပ်မတ်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုခြင်းကို မေးမြန်းမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ လူငယ်များကို ပစ်မှတ်ထားပြီးတော့ ကြော်ငြာနေပုံ ဖြစ်ပါတယ်။ ဒါ ဂျာနယ်တစ်ခုရဲ့ နောက်ကျောအဖုံးမှာ စာမျက်နှာအပြည့် ကြော်ငြာထားတဲ့ပုံ ဖြစ်ပါတယ်။ ဒါကတော့ ကံစမ်းမဲဖောက် ပေးမယ့် ကားအသစ်ကြီးကို ကားပေါ်တင်ပြီးတော့ မြို့တွင်းကို လှည့်လည်ပြသပြီးတော့ အရောင်းမြှင့်တင် ကြော်ငြာနေတဲ့ပုံ ဖြစ်ပါတယ်။ ဒါကတော့ အင်မတန်ကြီးမားတဲ့ ဆိုင်းဘုတ်ကြီးနဲ့ အမြန်လမ်းမကြီးရဲ့ ဘေးမှာ ကြော်ငြာထားတဲ့ပုံ ဖြစ်ပါတယ်။ ဒါကတော့ Online မှာ ကြော်ငြာ ထားပုံဖြစ်ပါတယ်။ ဒါကတော့ အင်္ဂလိပ်စာသင်ခန်းစာ အစီအစဉ်ကြားထဲမှာ ပါလာတာဖြစ်ပါတယ်။ ဒါ ဂျာနယ်ထဲမှာ ကျွန်တော်တို့ ကံစမ်းမဲပေးမယ်ဆိုပြီးတော့ ကြော်ငြာထားတာဖြစ်ပါတယ်။ ဒါကလည်း ကျွန်တော်တို့ နိုင်ငံတကာသတင်းအစီအစဉ်ထဲမှာ ကျွန်တော်တို့ ဒီ ကြော်ငြာတွေ မကြာခဏ ပေါ်လာတာ ဖြစ်ပါတယ်။ ဒါကတော့ ပြည်တွင်းရုပ်မြင်သံကြား အားကစားအစီအစဉ်တစ်ခုမှာ အားကစား အစီအစဉ် ရပ်နားတုန်းမှာ ပေါ်လာတဲ့ ကြော်ငြာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုအခါမှာ အဲဒီလိုပဲ အရက်ကြော်ငြာများကို အလွန်အကြူး ပြုလုပ်ပြီးတော့ အတင်းအဓမ္မ အရောင်းမြှင့်တင်လျက်ရှိနေပါတယ်။ မော်တော်ဆိုင်ကယ် ကံစမ်းမဲ၊ မော်တော်ကား ကံစမ်းမဲ၊ ရွှေချောင်း ကံစမ်းမဲများ ပေးမည်ဟု စွဲဆောင်မက်လုံးပေး ကြော်ငြာပုံ၊ ကြော်ငြာနည်းများဟာ ရှိသင့်ရှိထိုက်တဲ့ ကျင့်ဝတ်သိက္ခာများနှင့် ဆန့်ကျင်လျက် စားသုံးဖွယ်ရှိသူ လူငယ်များကို ပစ်မှတ်ထားပြီး စွဲဆောင်ကြော်ငြာနေတယ်ဆိုတာ ကျွန်တော် Power Point မှာ ပြသထားခဲ့တဲ့အတိုင်း ဖြစ်ပါတယ်။ ဒီလို အတင်းအဓမ္မကြော်ငြာခြင်းဖြင့် စားသုံးသူတို့ရဲ့ အသိတရား၊ ဉာဏ်ပညာနှင့် ဆင်ခြင်စားသုံးနိုင်မှုကို ဖျက်ဆီးပစ်ရာလည်း ရောက်ပါတယ်။ တစ်နည်းအားဖြင့် စားသုံးသူတွေရဲ့ ကိုယ်တိုင် စဉ်းစားရွေးချယ်စားသုံးခွင့် ဆိုတဲ့အခွင့်အရေးကိုလည်း ချိုးဖောက်ရာ ရောက်ပါတယ်။ အမှတ်တံဆိပ်များဟာ အရက်အမှတ်တံဆိပ်များဖြစ်ကြောင်း ဒါ အားလုံး သံသယဖြစ်ဖွယ်မရှိ သိထားကြပေမယ့် ဒီမှာ သောက်ရေသန့် ကြော်ငြာဖြစ်လေဟန် လိမ်လည်လှည့်ဖျားပြီးတော့ ကြော်ငြာထားတာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။ ဒီလိုကြော်ငြာခြင်းဟာ လူ့အဖွဲ့အစည်းနဲ့ နိုင်ငံတော်က ထားရှိရမယ့် တန်ဖိုးတွေ၊ စာရိတ္တ၊ ကျင့်ဝတ်များကိုလည်း မထီမဲ့မြင်ပြု ဖျက်ဆီးရာ ရောက်တဲ့အတွက် ဒီလိုကြော်ငြာမျိုးကို ထိထိရောက်ရောက် တားမြစ်အရေးယူသင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၇ ခုနှစ်မှာ ယစ်မျိုးခွန်က ရရှိတဲ့ ယစ်မျိုးခွန်ဟာ သန်းပေါင်း ကျပ်(၉၄၀.၃၁၁)သန်းသာ ရရှိတာဖြစ်ပါတယ်။ အဲဒီတော့ အရက်ကြောင့်ဖြစ်တဲ့ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးဆုံးရှုံးမှုများဟာ ဒီငွေကြေးနဲ့စာလို့ရှိရင် အလွန်များပြားမယ်ဆိုတာ သံသယဖြစ်ဖွယ် မရှိပါဘူး။ ယစ်မျိုးခွန်မှရရှိတဲ့ အခွန်ငွေဟာ ပြောမယ်ဆိုလို့ရှိရင် အသည်းရောဂါကု ဆေးရုံတစ်ရုံ၊ ဆေးပစ္စည်း၊ ဆရာဝန်နှင့် ဝန်ထမ်းများအတွက် ကုန်ကျစရိတ်နဲ့စာလို့ရှိရင် အင်မတန်နည်းပြီးတော့ ဒါဟာ နှိုင်းစာလို့ မရအောင် နိုင်ငံတော်အတွက် ဆုံးရှုံးမှုတစ်ခုဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မေးခွန်းရဲ့ ရည်ရွယ်ချက်က အရက်ထုတ်လုပ်ရောင်းချတာနဲ့ ပြည်သူလူထု ဝယ်ယူသောက်သုံးတာကို ပိတ်ပင်တားမြစ် ထိန်းချုပ်လိုတာမဟုတ်ဘဲနဲ့ ဒီ ကျင့်ဝတ်၊ စည်းကမ်းရှိတဲ့ စီးပွားရေးလုပ်ငန်းများနဲ့ ကျင့်ဝတ်၊ စည်းကမ်းနဲ့ တာဝန်သိတဲ့ စီးပွားရေးကြော်ငြာများ ဖြစ်စေလိုလို့ ဒီမေးခွန်းကို မေးမြန်းတာဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

လူငယ်များကို ပစ်မှတ်ထား၍ ကြော်ငြာထားပုံ (င)




ဆုမဲဖောက်မည့် ကားသစ်တစ်စီးအား တင်၍ မြို့တွင်းလှည့်လည် ကြော်ငြာနေပုံ (င-၁)




အဝေးပြေးလမ်းမကြီးဘေးတွင် ကြီးမားသော ဆိုင်းဘုတ်ကြီးဖြင့် ကြော်ငြာထားပုံ (င-၂)




**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၂။**

**ဦးအောင်လှထွန်း(ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးကြွယ်ကြွယ် ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် သက်ဆိုင်ရာ ပြည်ထဲရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ပြီး ပြန်ကြားရေးဝန်ကြီးဌာနကိုယ်စား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

အရက်ကြော်ငြာများ စည်းကမ်းမဲ့စွာ၊ ကျင့်ဝတ်သိက္ခာကင်းမဲ့စွာ အလွန်အကြူး ပြုလုပ်နေကြခြင်းကို ထိန်းသိမ်းကြပ်မတ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းခဲ့တဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးကြွယ်ကြွယ် ကို အထူးပင်ကျေးဇူးတင်ရှိပါတယ်။ တကယ်တော့ နိုင်ငံပိုင်မီဒီယာများမှာ ကုန်ပစ္စည်းကြော်ငြာများနဲ့ပတ်သက်လို့ လုပ်ကိုင်ဆောင်ရွက်နေပုံကို ၂၁-၅-၂၀၁၈ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ အဋ္ဌမပုံမှန်အစည်းအဝေးမှာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦး ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော် ရှင်းလင်းဖြေကြားခဲ့ဖူးပြီးဖြစ်ပါတယ်။ ယခုကိစ္စရပ်ကလည်း အလားတူမေးခွန်းမျိုးထဲမှာ ပါဝင်နေတာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ထုတ်ပြန်ထားတဲ့ ကြော်ငြာမူဝါဒအရ နိုင်ငံတော်အလံ၊ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်၊ နိုင်ငံတော်သီချင်း၊ နိုင်ငံတော်အကြီးအကဲနဲ့ ငွေကြေးသင်္ကေတများကို မလေးမစားပြုတဲ့ တင်ပြမှုများ၊ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာနဲ့ နယ်မြေပိုင်ဆိုင်မှုကို ထိခိုက်စေတဲ့ ဖန်တီးတင်ပြမှုများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ညွှန်ကြားချက်၊ လမ်းညွှန်ချက်များမှအပ နိုင်ငံရေးဆိုင်ရာ ကြော်ငြာများ၊ နိုင်ငံရေးပါတီတစ်ရပ်ရပ်ရဲ့ နိုင်ငံရေးမူဝါဒ သို့မဟုတ် ရပ်တည်ချက်များနှင့်ပတ်သက်တဲ့ ကြော်ငြာများကို လက်ခံခွင့်ပြုခြင်း မရှိပါဘူး။ အလားတူပဲ နိုင်ငံအတွင်းနေထိုင်ကြတဲ့ တိုင်းရင်းသားတစ်မျိုးမျိုးရဲ့ လူမှုရေး သို့မဟုတ် ယဉ်ကျေးမှုကို ထိခိုက်မုန်းတီးစိတ်ဖြစ်ပေါ်စေတဲ့ ကြော်ငြာများ၊ ကိုးကွယ်ယုံကြည်မှုများကို နှိမ့်ချ စော်ကားရာရောက်တဲ့ ကြော်ငြာများ၊ ကာမရာဂကို လှုံ့ဆော်ရာရောက်တဲ့ စာများ၊ ပုံများ၊ ဝတ်စားဆင်ယင်မှုများ၊ ရာဇဝတ်မှု၊ အကြမ်းဖက်မှု၊ လောင်းကစားမှုနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းများကို အားပေးလှုံ့ဆော်တဲ့ ကြော်ငြာများ၊ လူကုန်ကူးမှုကို အားပေးတဲ့ကြော်ငြာများ၊ မသန်စွမ်းသော ပုဂ္ဂိုလ်များအား နှိမ့်ချ စော်ကား ပြက်ရယ်ပြုလှောင်ပြောင်သည့် ကြော်ငြာများ၊ ဆေးဝါးများနှင့် ပတ်သက်၍လည်း သမားရိုးကျမဟုတ်သော ကုထုံးများ၊ လောကီပညာ၊ ဂမ္ဘီရပညာ သို့မဟုတ် အလားတူ ကုထုံးများ၊ အလွန်အကြူး အမွှမ်းတင်ထားတဲ့ ပစ္စည်းများနဲ့ စားသောက်ကုန်များ၊ ဘီယာနှင့် ဝိုင် အပါအဝင် အရက်ကြော်ငြာများနှင့် ဆေးလိပ်၊

စီးကရက်၊ ဆေးပြင်းလိပ်၊ ဆေးရွက်ကြီးဖြင့် ပြုလုပ်ထားသော ပစ္စည်းများ ရောင်းချဝယ်ယူ သုံးစွဲမှုများ အပေါ် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အားပေးသည့် ကြော်ငြာများကို လက်ခံဆောင်ရွက်ခြင်း မပြုပါဘူးခင်ဗျား။

ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံပိုင်မီဒီယာများဖြစ်တဲ့ မြန်မာ့ရုပ်မြင်သံကြား၊ ရေဒီယို၊ နိုင်ငံပိုင်သတင်းစာများ၊ Website များအပြင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့ ရုပ်သံလွှင့် ကုမ္ပဏီများနှင့် FM ကုမ္ပဏီတွေမှာ အများပြည်သူ ဝန်ဆောင်မှုမီဒီယာဆိုင်ရာ ကြော်ငြာမူဝါဒကို ထုတ်ပြန်ကြေညာထားတဲ့အတိုင်း တိကျစွာလိုက်နာစေရန် ဆောင်ရွက်လျက်ရှိပါတယ်။ လိုအပ်ချက်များ တွေ့ရှိပါကလည်း စည်းမျဉ်းစည်းကမ်းများနဲ့အညီ သတိပေး ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက ၃-၅-၂၀၁၄ ရက်နေ့မှာ ထုတ်ပြန် ထားခဲ့တဲ့ သတင်းမီဒီယာကျင့်ဝတ် အပိုဒ် (၂၃) မှာ ကြော်ငြာခြင်း၊ ကုန်ပစ္စည်းများ ထည့်သွင်း ဖော်ပြ ခြင်းနှင့် ကြော်ငြာမဟုတ်သော အစီအစဉ်များတွင် နိုင်ငံပိုင် မီဒီယာများနှင့် ပုဂ္ဂလိကပိုင် မီဒီယာများ အနေနဲ့ လိုက်နာဆောင်ရွက်ရန် လိုအပ်သည်များကို အတိအကျ ပြဋ္ဌာန်းထားရှိပြီး ဖြစ်တဲ့အတွက် လိုက်နာဆောင်ရွက်ကြဖို့ လိုအပ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြလိုပါတယ်။ ဒါ့အပြင် ပြည်ထဲရေး ဝန်ကြီးဌာနအနေဖြင့် အရက်၊ ဘီယာ ထုတ်လုပ်တဲ့ကုမ္ပဏီများသို့ ယစ်မျိုးဥပဒေများနှင့်အညီ လိုင်စင်များ ခွင့်ပြုရာမှာ အရက်သောက်သုံးသူ လျော့နည်းစေရန် မူဝါဒထားရှိ ဆောင်ရွက်လျက်ရှိပါတယ်။ ယစ်မျိုး လုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်မှ မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိရာမှာ လက်ရှိကျင့်သုံးလျက်ရှိတဲ့ ယစ်မျိုးမူဝါဒမှာ အောက်ပါအတိုင်း ဖြစ်ပါတယ် -

(က) အရက်သေစာ သောက်စားခြင်း အလေ့အထ ပြန့်ပွားခြင်းကို အားပေးခြင်းမပြုရန်။ (ခ) သေရည်သေရက် ဖြန့်ဖြူးရောင်းချရာတွင် တရားမဝင်ထုတ်လုပ်မှု၊ ရောင်းချမှုမရှိစေဘဲ အရက် များပေါ်တွင် အခွန်ကြီးမြင့်နိုင်သမျှ ကြီးမြင့်ကောက်ခံရန်။ (ဂ) မူးယစ်စေသော သေရည်သေရက်ကို ရောင်းချခြင်းမှ အခွန်ငွေရရှိရေးအတွက်သာမဟုတ်ဘဲ ၎င်းကို သောက်စား သုံးစွဲခြင်း နည်းပါးစေရန် ရည်ရွယ်၍ အခွန်ကောက်သည်ဟု မှတ်ယူရန်တို့ ဖြစ်ပါတယ်။ အရက်၊ ဘီယာကြော်ငြာများ ထည့်သွင်း ဖော်ပြနေခြင်းသည် အရက်သောက်သုံးမှုကို အားပေးရာရောက်တဲ့အတွက် အရက်၊ ဘီယာ ထုတ်လုပ် သူများအား စည်းကမ်းသတ်မှတ်ရာမှာ ပြည်တွင်းထုတ် သတင်းဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်များတွင် အရက်၊ ဘီယာကြော်ငြာများ ထည့်သွင်းမဖော်ပြစေရေးအတွက် သက်ဆိုင်ရာ ယစ်မျိုးလိုင်စင်ရယူ ထားတဲ့ကုမ္ပဏီများကို သက်ဆိုင်ရာဝန်ကြီးဌာနများက ကြပ်မတ်ဆောင်ရွက်သွားရန်လိုအပ်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် သက်ဆိုင်ရာ စည်ပင် သာယာရေး ကော်မတီများရဲ့ ခွင့်ပြုချက်ဖြင့် ကြော်ငြာဆိုင်းဘုတ်များ စိုက်ထူခြင်းကို ဆောင်ရွက်လျက် ရှိရာမှာ ပြန်ကြားရေးဝန်ကြီးဌာနမှ ချမှတ်ထားတဲ့ ကြော်ငြာမူဝါဒအတိုင်း လိုက်နာလျက်ရှိကြောင်း သိရှိ ရပါတယ်။ နိဂုံးချုပ်အနေဖြင့် တစ်မျိုးသားလုံးရဲ့ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု စသည်တို့ကို ဆိုးရွားစွာထိခိုက်နိုင်တဲ့ အရက်သောက်သုံးမှုကို ထိန်းချုပ်ဖို့အတွက် တစ်ဖက်က အခွန် စည်းကြပ်ခြင်းနဲ့ ဆောင်ရွက်သလို အခြားတစ်ဖက်ကလည်း မီဒီယာအပိုင်းက ကျင့်ဝတ်နဲ့အညီ ထိန်းသိမ်း

ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ လုပ်ငန်းရှင်များအနေဖြင့် တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်ကြဖို့ လိုအပ်မှာဖြစ်ပါတယ်။ ယင်းသို့ ဆောင်ရွက်ခြင်းမပြုပါက သက်ဆိုင်ရာ ဥပဒေများကို ကျင့်သုံးကိုင်တွယ်နေတဲ့ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများက ထိရောက်စွာ အရေးယူဆောင်ရွက်မှုများ ပြုလုပ်သင့်ပါကြောင်း ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများမှတစ်ဆင့် အကြံပြုတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံး လေးစားပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းမည့် မေးခွန်းများဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**နိုင်ငံနှင့်အဝန်း တရားဝင် စိုက်ပျိုးမြေများအဖြစ် တည်ရှိလျက်ရှိသော လယ်ယာမြေများပေါ်တွင် အခြားနည်း အသုံးချခွင့် လျှောက်ထားခြင်းမရှိဘဲ ခွင့်ပြုထားခြင်း မပြုသေးသော လူနေအိမ်ရာကွက်များ၊ မွေးမြူရေးလုပ်ငန်းများ ဓာတ်ဆီဆိုင်ကဲ့သို့ စီးပွားရေးလုပ်ငန်းများ အလျှင်အမြန် တိုးချဲ့ ဆောင်ရွက်နေသည်များကို စီမံခန့်ခွဲ၍ တားမြစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်း က နိုင်ငံနှင့်အဝန်း တရားဝင် စိုက်ပျိုးမြေများအဖြစ် တည်ရှိလျက်ရှိသော လယ်ယာမြေများပေါ်တွင် အခြားနည်းအသုံးချခွင့် လျှောက်ထားခြင်းမရှိဘဲ ခွင့်ပြုထားခြင်း မပြုသေးသော လူနေအိမ်ရာကွက်များ၊ မွေးမြူရေးလုပ်ငန်းများ ဓာတ်ဆီဆိုင်ကဲ့သို့ စီးပွားရေးလုပ်ငန်းများ အလျှင်အမြန် တိုးချဲ့ဆောင်ရွက်နေသည်များကို စီမံခန့်ခွဲ၍တားမြစ်ရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိမြန်မာနိုင်ငံမှာ ကျူးကျော်မှုများကြောင့် ဖြေရှင်းမရသော မြေယာ ပြဿနာကို ကြုံတွေ့လျက် ရှိနေပါတယ်။ စီမံခန့်ခွဲမှုနယ်ပယ်မှာလည်း အခက်အခဲများနှင့် ကြုံတွေ့လျက်ရှိနေပါတယ်။ ၎င်းပြဿနာသည် နိုင်ငံ၏ဖွံ့ဖြိုးရေး၊ အေးချမ်းသာယာရေးကို ခြိမ်းခြောက်လျက်ရှိနေပါတယ်။ မြေယာဥပဒေများရှိနေတဲ့ ဥပဒေအတိုင်း လုပ်နေတယ်ဆိုပေမယ့် မရတော့ပါဘူး။ မြေယာ ပြဿနာကို ဖြေရှင်းဆောင်ရွက်ရန်အတွက် မှန်ကန်သောမူဝါဒချမှတ်၍ အဖြေရှာ ဖြေရှင်းဆောင်ရွက်

ခြင်းမရှိဘဲ ဆက်လက်ထားရှိမည်ဆိုလျှင် နောင်မှာ စိုးရိမ်ဖွယ်ရာ ပိုမိုဆိုးရွားလာမှာ ဖြစ်ပါတယ်ခင်ဗျား။ ကျူးကျော်မှု ပြဿနာများမှာ စည်ပင်သာယာပိုင်မြေ ကျူးကျော်ခြင်း၊ အစိုးရဌာနများ၏ ပိုင်ဆိုင်မှု နယ်နိမိတ်ပေါ်တွင် ကျူးကျော်ခြင်း၊ အစိုးရမြေ (State land) ပေါ်မှာ ခွင့်ပြုချက်ရယူခြင်းမရှိဘဲ ကျူးကျော်ခြင်း၊ သာသနာ့မြေပေါ်တွင် ကျူးကျော်ခြင်းနှင့် ပုဂ္ဂလိကပိုင်မြေပေါ်တွင် ကျူးကျော်ခြင်း ဆိုတာတွေ ဖြစ်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျူးကျော်မှုဖြစ်ရခြင်း အကြောင်းအရင်းအား လေ့လာဆန်းစစ်ရာတွင် နိုင်ငံ၏ လယ်ယာသားငါးကဏ္ဍမှာ လယ်ယာသာမကဘဲ သားငါးကဏ္ဍကလည်း လယ်ယာနှင့်အတူ ဖွံ့ဖြိုးလာမည်ဖြစ်တဲ့အတွက် ယခင့် ယခင်ကအတိုင်း မွေးမြူရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ မဆောင်ရွက်ခဲ့ခြင်းများကြောင့် ဖြစ်ခဲ့ရသလို တိုးပွားလာသော လူဦးရေနှင့် တိုးတက်လာသော အိမ်ထောင်စုများ၊ စီးပွားရေးလုပ်ငန်းများအား အခြေခံတွက်ချက်၍ နေရာချထားပေးရေးအတွက် ကြိုတင်ဆောင်ရွက်ထားသော Long time Plan များဖြစ်သော Village Planနှင့် Town Plan တို့ကို စနစ်တကျ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ထားမှုမရှိခြင်းသည် အဓိကအကြောင်းအရင်း ဖြစ်သည်ကို တွေ့ရှိရပါတယ်။ Village Plan နှင့် Town Plan ကို ယခင်က ရေးဆွဲဆောင်ရွက်ခဲ့သော်လည်း မြို့တစ်မြို့၏ အိမ်ထောင်စုများနှင့် တိုးပွားလာသော စီးပွားရေးလုပ်ငန်းများကို စနစ်တကျထားရှိရမည့် အစီအမံများ အကောင်အထည်ဖော် ဆောင်ရွက်မှုမရှိ၍ ကျူးကျော်မှုများကို ထိန်းသိမ်းမရအောင် ဖြစ်ပွားလျက်ရှိနေတယ်ဆိုတာကို ကျွန်တော် တွေ့ရှိရပါတယ် ခင်ဗျား။

လယ်ယာမြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ အိမ်ဝင်းမြေများကို အကွက်ချပုံစံမတူညီစွာ နေရာယူကြဆဲ ဖြစ်တဲ့အတွက်ကြောင့်လည်းကောင်း၊ ခွင့်ပြုချက်မရှိဘဲ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေခြင်းကြောင့်လည်းကောင်း၊ လယ်ယာမြေများ လျော့နည်းလာခြင်း၊ ကျေးရွာမြို့ကွက်တို့မှာ စနစ်တကျမရှိဘဲ ဝင်လမ်း၊ ထွက်လမ်းများ ကျဉ်းမြောင်းခြင်းတို့ ဖြစ်ပွားလျက်ရှိနေပါတယ်။ ယခင်နှစ်ပေါင်းများစွာကတည်းက လယ်ယာမြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ နေထိုင်မှုများနည်းတူ ယခုကာလတွင် ပိုမိုတိုးပွားလာလျက်ရှိပါတယ်။ ဤကဲ့သို့ ခွင့်ပြုချက်မရှိဘဲ စီးပွားရေးလုပ်ငန်းများ၊ နေထိုင်မှုများ၊ အဆင်ပြေအောင် တိုးချဲ့နေကြသည်ကိုပင် ပြည်သူတို့အနေနှင့် ဥပဒေချိုးဖောက်နေသည်ဟု မထင်ဘဲ ဓလေ့ထုံးတမ်းသဖွယ် ဖြစ်လျက်ရှိနေပါတယ်။ ဥပဒေနှင့်အညီ နေထိုင်လုပ်ကိုင်ကြရန် စနစ်တကျ ဆောင်ရွက်ပေးထားခြင်းမရှိသည့်အတွက် ထိုကဲ့သို့ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဖြေရှင်းနေထိုင်ကြခြင်းလည်း ဖြစ်ပါတယ်။ လယ်ယာမြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ နေထိုင်လုပ်ကိုင်နေကြခြင်းတို့ မရှိစေရန် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေ ဥပဒေဖြင့် တားမြစ်ဆောင်ရွက်ထားခြင်းဖြင့်လည်း တားမြစ်နိုင်ခြင်းမရှိသည်ကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျူးကျော်မှုနှင့်လယ်ယာမြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ အခြားနည်းအသုံးမပြုရေးအတွက် မြို့အလိုက်၊ ရွာအလိုက်၊ စစ်တမ်းများကောက်ယူမှုကို အခြေခံ၍ ရေးဆွဲထားသော မြို့ကွက်၊ ရွာကွက်၊ စီမံကိန်းများ၊ ယင်းစီမံကိန်းများကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မှုများဟာ စက္ကူပေါ်တွင် ဆောင်ရွက်ခြင်းမဟုတ်ဘဲ နိုင်ငံရဲ့အဓိကဆောင်ရွက်ရန် တာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်နေရန် လိုအပ်ပြီဖြစ်တဲ့အတွက်ကြောင့် ကျွန်တော် ဒီမေးခွန်းမေးရတာ ဖြစ်ပါတယ်။ နိုင်ငံနှင့်အဝန်း တရားမဝင် စိုက်ပျိုးမြေများအဖြစ် တည်ရှိလျက်ရှိသော လယ်ယာမြေများပေါ်တွင်

အခြားနည်းအသုံးချခွင့် လျှောက်ထားခြင်းမရှိဘဲ၊ ခွင့်ပြုချက်မရှိသေးဘဲ လူနေအိမ်ရာကွက်များ၊ မွေးမြူရေးလုပ်ငန်းများ ဓာတ်ဆီဆိုင်များကဲ့သို့ စီးပွားရေးလုပ်ငန်းများ အလျင်အမြန် တိုးချဲ့ဆောင်ရွက်နေသည်များကို စီမံခန့်ခွဲပေးရန်၊ နေရာချထားပေးရန်၊ တားမြစ်ပေးရန် အစီအစဉ် ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းရခြင်း ဖြစ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရေပေးဝေရေးတွင် ဖိုက်ဘာပိုက် အသုံးပြုမည့် အစား သံရေပိုက်များ ချထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမင်းနိုင် က စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရေပေးဝေရေးတွင် ဖိုက်ဘာပိုက် အသုံးပြုမည့်အစား သံရေပိုက်များချထားပေးရန် အစီအစဉ် ရှိ/မရှိနဲ့စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဦးမင်းနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုပါတယ်။ ကျွန်တော်က စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းနိုင် ဖြစ်ပါတယ်။ နာဂဒေသအတွက် ရေပေးဝေရာတွင် ဖိုက်ဘာပိုက်အစား သံပိုက်များချပေးရန် အစီအစဉ် ရှိ/မရှိမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သော လေရှီး၊ လဟယ်၊ နန်းယွန်းဒေသရှိ ရွာများမှာ တောင်ထိပ်များအပေါ်အခြေခံ၍ မြို့များတည်ခြင်း၊ ရွာများ တည်ခြင်းတို့ ဆောင်ရွက်ထားရှိသည်ကို တွေ့ရှိရပါတယ်။ ရေများသယ်ယူရာတွင် အခက်အခဲများစွာ သယ်ယူနေရသဖြင့် အတက်၊ အဆင်း ကြမ်းတမ်းခြင်းကြောင့် ဖိုက်ဘာပိုက်များ၊ ခံနိုင်ရည်မရှိ၍ မကြာခဏ ပိုက်များကွဲခြင်း၊ အဆက်များမှာ ပြုတ်ထွက်ခြင်းဖြစ်တဲ့အပြင် တောရိုင်းတိရစ္ဆာန်များ ဖြတ်သွားခြင်း၊ ကျွဲ၊ နွားများ ဖြတ်သန်းသွားလာခြင်းတို့ကြောင့် ပိုက်များ မကြာခဏပျက်စီးရပြီး ဒေသခံ ကျေးရွာလူထုများမှာ ဆက်၍ နီးစပ်ရာနေရာများကို အသုံးပြုလျက်ရှိပါတယ်။

လေးစားရသော ဥက္ကဋ္ဌကြီးခင်ဗျား။ လေရှီးမြို့နယ် ရေပေးဝေရေးအခြေအနေကို အနည်းငယ် တင်ပြလိုပါတယ်။ နိုင်ငံတော်အေးချမ်းသာယာရေးခေတ်တွင် တစ်ကြိမ်၊ ပြီးခဲ့တဲ့ အစိုးရ လက်ထက်တွင် တစ်ကြိမ်၊ ယနေ့အစိုးရလက်ထက်တွင် တစ်ကြိမ် သံပိုက်များချပေးခဲ့သော်လည်း ယနေ့အချိန်အထိ ရေရရှိခြင်း မရှိသည်ကို တွေ့ရှိရပါတယ်။ ကုမ္ပဏီအချို့တို့မှာ ဒေသနှင့်ညှိနှိုင်း၍ သံပိုက်များကို ဝယ်ယူပေးသော ကုမ္ပဏီများရှိသလို အချို့ကုမ္ပဏီများမှာ နိုင်ငံတော်မှချပေးသော ပိုက်များကိုသာ ဝယ်ယူပေးသောကြောင့် အဆင်မပြေမှုများ နာဂဒေသတစ်ခုလုံးတွင်ရှိနေကြောင်း တင်ပြလိုပါတယ်။

သို့ဖြစ်ပါ၍ နာဂဒေသတွင် သံပိုက်များဖြင့် သယ်ယူထားသော ကျေးရွာအချို့တို့မှာ ရေ လုံလောက်စွာ သုံးစွဲနေသည်ကို တွေ့မြင်ရပါတယ်။ ပြည်သူလူထု၏ ဆန္ဒအတိုင်း သက်ဆိုင်ရာဝန်ကြီး

ဌာနမှ နာဂဒေသအား ရေပေးဝေရာတွင် ဖိုက်ဘာပိုက်အစား သံပိုက်များကို ချထားပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။

**ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်၊ ဘဲ့ပြားကုန်းကျေးရွာအုပ်စု၊ စာစီကုန်းကျေးရွာအနီး ဧက(၁၀၀၀) ခန့်ရှိ ယခင် ကြက်ဆူစီမံကိန်း မြေနေရာကို နွားမွေးမြူရေးဇုန်အဖြစ် ခွင့်ပြုဆောင်ရွက် ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်း က ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်၊ ဘဲ့ပြားကုန်းကျေးရွာအုပ်စု၊ စာစီကုန်း ကျေးရွာအနီး ဧက (၁၀၀၀)ခန့်ရှိ ယခင် ကြက်ဆူစီမံကိန်း မြေနေရာကို နွားမွေးမြူရေး ဇုန်အဖြစ် ခွင့်ပြုဆောင်ရွက် ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၇။**

**ဦးထိန်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး အမှတ်(၄)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထိန်ဝင်း ဖြစ်ပါတယ်။ အသားစားနှင့် နို့စားနွား(ဖရီရှန်) မွေးမြူသူများအနေနဲ့ ယခင်တုန်းက လူနေအိမ်ခြေတွေနဲ့ ကွာဝေးတဲ့နေရာတွေမှာ မွေးမြူရေးလေးတွေ တစ်ပိုင်တစ်နိုင် လုပ်ခဲ့ကြသော်လည်းပဲ ယခုအခါမှာ လူဦးရေတွေ တိုးတက်လာတဲ့အတွက် ဒီလူနေအိမ်ခြေတွေက နွားခြံတွေနားကို ရောက်လာတယ်။ အဲဒီအခါမှာ နွားခြံတွေရဲ့ အနံ့အသက်၊ နွားချေး၊ သေးအနံ့တွေပေါ့။ ဒီဟာတွေနဲ့ မယဉ်ပါးတဲ့သူတွေ အတွက်တော့ စိတ်အနှောင့်အယှက်တွေ ဖြစ်ပြီးတော့ နွားမွေးမြူသူတွေနဲ့ ပတ်ဝန်းကျင်က လူနေ အိမ်ခြေကြားမှာ မကြာခဏ ပြဿနာတွေ ဖြစ်ပွားနေရပါတယ်။

နွားမွေးမြူသူတွေအနေနဲ့ မွေးမြူရေးအတွက် လုံလောက်တဲ့မြေပိုင်ဆိုင်မှုလည်း မရှိဘူး။ နွားများကို လွှတ်ကျောင်းဖို့ စားကျက်မြေလည်း မရှိတဲ့အတွက် မိမိတို့ရဲ့ အိမ်ခြံဝင်းထဲမှာပဲ နွားတွေ မွေးထားရတယ်။ အာဟာရမပြည့်မီတဲ့ ဒေသကိုင်းမြက်တွေကို ဝယ်ယူကျွေးမွေးနေရတဲ့ အနေအထား ရှိပါတယ်။ အာဟာရပြည့်မီဖို့ ဖြည့်စွက်စာတွေကို ဝယ်ယူကျွေးမွေးနေရတဲ့အတွက် ထုတ်လုပ်မှုကုန်ကျ စရိတ် မြင့်မားပြီးတော့ အကျိုးအမြတ်ရရှိမှု နည်းပါးနေပါတယ်။ နိုင်ငံတော်နှင့် ဒေသအတွင်း အသားနှင့် နို့စားသုံးမှု ဖူလုံစေရန်အတွက် ဒေသအသီးသီးမှာ နွားမွေးမြူရေးဇုန်များ တည်ဆောက်ပြီးတော့ နွားကောင်ရေ တိုးချဲ့မွေးမြူရန် လိုအပ်နေတဲ့အချိန်ဖြစ်ပါတယ်။

အခု ကျွန်တော်တို့ မြန်မာနိုင်ငံလူတန်းစားရဲ့ (၇၀)ရာခိုင်နှုန်းသော တောင်သူလယ်သမားတွေ ရှိပါတယ်။ အဲဒီမှာ (၅)ဧကနှင့်အထက် လယ်ပိုင်ရှင်တွေကတော့ ဒီစိုက်ပျိုးတဲ့ လုပ်ငန်းနဲ့ပေါ့နော် အဆင်ပြေကြပါတယ်။ နောက် (၅)ဧကအောက်ရှိနေတဲ့ တောင်သူလယ်သမားတွေ။ (၂)ဧကတို့၊ (၃)ဧကတို့ ရှိတဲ့လူတွေက များပါတယ်။ သူတို့တွေက စိုက်ပျိုးရေးနှင့်ပတ်သက်လာလို့ရှိရင် သူတို့ ထွက်လာတဲ့ စပါးလေးတွေက သူတို့မိသားစု စားသုံးဖို့ပဲရမယ့် အနေအထားပါပဲ။ ပဲတို့၊ ဘာတို့

စိုက်မယ်ဆိုရင်လည်း ပဲဈေးတွေ ကျနေတဲ့အတွက် စိုက်ပျိုးရေးနဲ့ ပတ်သက်လာလို့ရှိရင် သူတို့မှာ သိပ်ပြီးတော့ ဘဝကိုရပ်တည်လို့မရတဲ့ အနေအထားဖြစ်နေပါတယ်။ နောက် သူတို့တွေက ဒီလိုမျိုးပေါ့ လယ်စိုက်ပြီးလို့ရှိရင် နွားမွေးမြူရေးကိုလည်း ဆက်လုပ်ချင်နေကြတယ်ဆိုတာ သူတို့ရဲ့ သဘောထားတွေအရ ကျွန်တော် မေးမြန်းသိရှိရပါတယ်။

အဲဒီတော့ နွားမွေးမြူရေးဇုန်တွေ သတ်မှတ်ခွင့်ပြုပေးမယ်ဆိုလို့ရှိရင် နွားမွေးမြူရေးလုပ်ငန်းက ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ နောက်ပြီးတော့ ပတ်ဝန်းကျင်နဲ့ ပြဿနာဖြစ်နေတဲ့ကိစ္စတွေလည်း လျော့ပါးသွားမယ်။ ထုတ်လုပ်မှု ကုန်ကျစရိတ်လည်း လျော့ကျပြီးတော့ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူတွေရဲ့ မိသားစု စားဝတ်နေရေးအခက်အခဲတွေ ပြေလည်သွားနိုင်တဲ့ အနေအထားရှိပါတယ်။ ဒေသအတွင်း အလုပ်အကိုင်တွေ ရရှိလာနိုင်တယ်။ အသားနဲ့နို့ကို ဈေးနှုန်းသက်သာစွာနဲ့ စားသုံးလာနိုင်တယ်။ ဥပဒေနှင့်အညီ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလာနိုင်ခြင်းကြောင့် အခွန်ငွေတွေ တိုးပွားလာမယ့်အပြင် တစ်ဖက်တစ်လမ်းမှလည်း နိုင်ငံခြားဝင်ငွေတွေ ရရှိလာမယ်လို့ ယုံကြည်ပါတယ်။

ကျွန်တော့်ရဲ့ မဲဆန္ဒနယ်တစ်ခုဖြစ်တဲ့ လေးမျက်နှာမြို့နယ်၊ ဘဲ့ပြားကုန်းကျေးရွာအုပ်စု၊ စာစီကုန်းကျေးရွာအနီး ရခိုင်ရိုးမတောင်ခြေမှာ ဧက (၁၀၀၀)ခန့်နီးပါးရှိတဲ့ မြေကွက် ရှိပါတယ်။ အဲဒီမြေကွက်က လွန်ခဲ့တဲ့ ၂၀၀၆ ခုနှစ်လောက်က န.ဝ.တ အစိုးရလက်ထက် ကြက်ဆူပင် စိုက်ပျိုးရေးစီမံကိန်းမြေနေရာ လုပ်ခဲ့တဲ့မြေဖြစ်ပါတယ်။ ဒီစီမံကိန်းက အောင်မြင်မှုမရှိဘဲနဲ့ ယခုဆိုလို့ရှိရင် ဒေသမြက်တွေနဲ့ ချုံပင်တွေသာ ပေါက်ရောက်နေတဲ့ အနေအထားရှိပါတယ်။ တောင်ကုန်းငယ်များရှိပြီးတော့ သဲဆန်တဲ့ မြေအမျိုးအစားလည်း ဖြစ်ပါတယ်။ ရေလည်းအလွယ်တကူ တူးဖော်ရရှိနိုင်တဲ့ အနေအထားရှိနေတယ်။ အဲဒီ ဘဲ့ပြားကုန်းကျေးရွာတည်နေရာဟာ စာစီကုန်းရွာနှင့် (၂)မိုင်ခန့်သာ ကွာဝေးပြီးတော့ အခြားတစ်ဖက်မှာလည်း ဝါးတောကွင်းရွာနှင့်လည်း (၅)မိုင်ခန့်သာ ဝေးတဲ့အတွက်ကြောင့် နွားမွေးမြူရေးဇုန်အဖြစ် သတ်မှတ်ပေးဖို့ သင့်လျော်ကြောင်း မွေးမြူရေးလုပ်ငန်းရှင်များက တင်ပြလာတာ ရှိပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်၊ ဘဲ့ပြားကုန်းကျေးရွာအုပ်စု၊ စာစီကုန်းကျေးရွာအနီး ဧက (၁၀၀၀)ခန့်ရှိတဲ့ ယခင် ကြက်ဆူစီမံကိန်း မြေနေရာကို နွားမွေးမြူရေးဇုန်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ခြင်း ရှိ/မရှိ ဒေသခံတောင်သူများနှင့် နွားမွေးမြူသူများရဲ့ ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**၂၀၁၁ ခုနှစ်၊ အစိုးရသစ်တက်လာသည်မှ ယနေ့ထိ ရခိုင်ပြည်နယ်၏ စိုက်ပျိုးရေးကဏ္ဍ၌ UNDP, ဂျပန် ODA, World Bank, ADB, JFAD, AFD, EXIM Bank စသည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဘဏ်များ၏ ထောက်ပံ့ငွေ သို့မဟုတ် ချေးငွေများဖြင့် ရင်းနှီးမြှုပ်နှံပြီး အကောင်အထည်ဖော်မှု ပမာဏ မည်မျှရှိကြောင်းနှင့် တိုးမြှင့်ရင်းနှီးမြှုပ်နှံမည့် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ် က ၂၀၁၁ ခုနှစ်၊ အစိုးရသစ်တက်လာသည်မှ ယနေ့ထိ ရခိုင်ပြည်နယ်၏ စိုက်ပျိုးရေးကဏ္ဍ၌ UNDP, ဂျပန် ODA, World Bank, ADB, JFAD, AFD, EXIM Bank စသည့် နိုင်ငံတကာ အဖွဲ့အစည်း

များနှင့် ဘဏ်များ၏ ထောက်ပံ့ငွေ သို့မဟုတ် ချေးငွေများဖြင့် ရင်းနှီးမြှုပ်နှံပြီး အကောင်အထည်ဖော်မှု ပမာဏ မည်မျှရှိကြောင်းနှင့် တိုးမြှင့်ရင်းနှီးမြှုပ်နှံမည့် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ နှုတ်ဆက်ရင်း ဂါရဝ ပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)က ဦးခင်မောင်လတ် ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ လွတ်လပ်ရေးရစမှာ ပြည်တော်သာ စီမံကိန်းဆိုတာ လုပ်ခဲ့ပါတယ်။ ဤစီမံကိန်းရဲ့ မအောင်မြင်တဲ့ အချက်တစ်ချက်ဟာ ဆန်စပါးထွက်ကုန် တစ်ခုတည်းကိုသာ အဓိက အမှီပြုခဲ့လို့ ဖြစ်ပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်ဟာလည်း ဒီအတိုင်းပါပဲ။ ဆန်စပါးတစ်ခုတည်းကိုသာ စိုက်ပျိုးနိုင်တဲ့အခြေအနေ ရှိပါသေးတယ်။ ဂုန်လျှော် စိုက်ပျိုးတဲ့ခေတ်၊ ကြံ စိုက်ပျိုးတဲ့ခေတ်၊ ပဲမျိုးစုံစိုက်ပျိုးတဲ့ခေတ်တွေမှာ မပါဝင်နိုင်ခဲ့ပါဘူး။ နိုင်ငံတစ်နိုင်ငံ သို့မဟုတ် ဒေသ တစ်ခုဟာ သီးနှံတစ်မျိုးတည်းပေါ်မှာ အမှီပြုနေလို့ရှိရင် ဈေးကျတဲ့အခါနဲ့ သဘာဝဖောက်ပြန်တဲ့နှစ် တွေမှာ ဆုံးရှုံးမှုတွေ ကြုံတွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်ဟာ ဆန်စပါးတစ်ခုတည်းကိုသာ အမှီပြုရုံမက မိုးရာသီ တစ်ခုတည်းမှာသာ စိုက်ပျိုးနိုင်တဲ့အဆင့်မှာ ရှိနေပါသေးတယ်။ နိုင်ငံအနှံ့အပြားမှာ ဆန်စပါးနှင့် သီးနှံ မျိုးစုံကို ရာသီဥတုသုံးမျိုးစလုံးမှာ စိုက်ပျိုးနိုင်ကြပြီးတော့ နယ်စပ်အသီးသီးက နိုင်ငံခြားဈေးကွက်ကို တင်ပို့နိုင်စွမ်းရှိနေကြပါတယ်။ ရခိုင်ပြည်နယ်ဟာ မြေသြဇာကောင်းပါတယ်။ ရေချို အရင်းအမြစ်တွေ ကြွယ်ဝပြီး၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနယ်စပ်တို့နှင့်နီးပါတယ်။ ဒါပေမဲ့ သီးနှံတွေကို မတင်ပို့နိုင်သေးပါဘူး။ ဒါကြောင့် သီးထပ်သီးညှပ်စနစ်၊ သီးနှံမျိုးစုံစိုက်ပျိုးတဲ့စနစ်၊ ဆည်မြောင်းစနစ်တွေနဲ့ စိုက်ပျိုးရေး မြစိမ်းရောင် တော်လှန်ရေးတစ်ခု လုပ်ဖို့လိုအပ်နေပါတယ်။ ရခိုင်ပြည်နယ် အစိုးရမှာလည်း UN အကူအညီနဲ့ စီမံကိန်းတွေ ရေးဆွဲထားတာ ရှိပါတယ်။

ဒီလိုလုပ်ဖို့ ငွေရေး၊ ကြေးရေးနှင့် ရင်းနှီးမြှုပ်နှံမှုတွေ အများကြီးလိုပါတယ်။ ရခိုင်ပြည်နယ် အတွက် ဒါတွေကိုလုပ်ဖို့ဆိုရင် နိုင်ငံတော်အစိုးရရဲ့ ကူညီထောက်ပံ့မှုတွေကိုသာမက UN နှင့် နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ ထောက်ပံ့ကူညီမှု အများကြီးလိုအပ်မှာ ဖြစ်နေတာကြောင့် ဒီမေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၅။**

**ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဦးစွာ မကွေးတိုင်းဒေသကြီး အမှတ်(၂)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်ဝင်း ရဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များရဲ့ ရှင်းလင်းဖြေကြားချက်များနှင့်အတူ ပေါင်းစပ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးလှကျော် မှ ဖြေကြားပေးပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေတစ်ရပ်ဟာ ပြဋ္ဌာန်းထားရှိသော်လည်းပဲ ဥပဒေကို လိုက်နာစောင့်ထိန်းမှုမရှိရင် ဥပဒေပါတားမြစ်ချက်များကို ကျူးလွန်မှုအလျောက် အပြစ်ဒဏ်ပေး အကောင်အထည်ဖော်ဆောင်ရွက်ရမှု ရှိပါတယ်။ နိုင်ငံနှင့်အဝန်း စိုက်ပျိုးမြေအဖြစ် တည်ရှိနေတဲ့ လယ်ယာမြေတွေပေါ်မှာ အခြားနည်းအသုံးပြုမယ်ဆိုရင် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ အခန်း(၁၀)၊ ပုဒ်မ ၂၉၊ ပုဒ်မ ၃၀(က)၊ ၃၀(ခ)တို့အရ စနစ်တကျလျှောက်ထားစေပြီးတော့ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခွင့်ပြုပေးလျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ မေးခွန်းဟာလည်းပဲ လက်တွေ့မြေပြင်အခြေအနေမှာ အမှန်တကယ် ဖြစ်ပေါ်နေတဲ့ အကြောင်းအချင်းအရာများလည်း ဖြစ်ပါတယ်။

အခုလို တရားဝင် စိုက်ပျိုးမြေအဖြစ် တည်ရှိနေတဲ့ လယ်ယာမြေတွေအပေါ်မှာ အခြားနည်းအသုံးပြုခွင့် လျှောက်ထားခြင်းမရှိဘဲ ခွင့်ပြုထားခြင်း မရှိသေးတဲ့ လူနေအိမ်ရာကွက်တွေ၊ မွေးမြူရေးလုပ်ငန်းတွေ၊ ဓာတ်ဆီဆိုင်ကဲ့သို့သော စီးပွားရေးလုပ်ငန်းတွေ အလျင်အမြန် တိုးချဲ့ဆောင်ရွက်နေတာနဲ့ ပတ်သက်ပြီး တားမြစ်နိုင်ဖို့အတွက်လည်းပဲ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေအခန်း(၄)၊ ပုဒ်မ ၁၂ နှင့် ၁၉ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ ပုဒ်မ ၁၉ အရ ၎င်းဥပဒေရဲ့ ပုဒ်မ ၁၂ ပါ စည်းကမ်းချက်အားလုံးကို ဖြစ်စေ၊ စည်းကမ်းချက်တစ်ခုကို ဖြစ်စေ လိုက်နာဖို့ပျက်ကွက်မယ်ဆိုရင် သတ်မှတ်ထားတဲ့ ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊ သတ်မှတ်တဲ့ နည်းလမ်းအတိုင်း လယ်ယာမြေကို ဆောင်ရွက်စေခြင်း၊ လယ်ယာမြေပေါ်မှာ နှင်ထုတ်ထိုက်သူတွေကို နှင်ထုတ်ခြင်းနှင့် လယ်ယာမြေပေါ်မှာ ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ထားတဲ့ အဆောက်အအုံကို ဖယ်ရှားခြင်းစတဲ့ ပြဋ္ဌာန်းချက်နှင့်အညီ စိစစ်အရေးယူဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

အဲဒီအရေးယူဆောင်ရွက်ရန် ပြဋ္ဌာန်းချက်တွေအနက် ဒဏ်ကြေးငွေနှင့်ပတ်သက်ပြီး ပြဋ္ဌာန်းထားမှု မရှိသေးတဲ့အတွက် နိုင်ငံနဲ့အဝန်း မူတစ်ရပ်ချမှတ်ဆောင်ရွက်နိုင်ဖို့ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့၊ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ အဖွဲ့ဝင်တွေထံက အကြံပြုသဘောထားမှတ်ချက်များ ရယူခဲ့ပြီး ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ အစည်းအဝေးမှာ ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးမှာ ဆွေးနွေးညှိနှိုင်းချက်များအပေါ် လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီကို တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီး

ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ အကြံပြုချက်၊ သဘောထားမှတ်ချက်များ ရယူမှုနှင့်အတူ နိုင်ငံတော်သမ္မတရုံးကို တင်ပြလမ်းညွှန်မှုခံယူပြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်သမ္မတရုံးရဲ့ ညွှန်ကြားချက်အရ လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့်မရှိဘဲ လုပ်ကိုင်ဆောင်ရွက်နေမှုဟာ လယ်ယာမြေများ ဆုံးရှုံးမှု ဖြစ်ပေါ်နိုင်တဲ့အတွက် ခွင့်ပြုချက်မရှိဘဲ ကြိုတင်လုပ်ဆောင်မှုကြောင့် လယ်ယာမြေကို အခြားနည်းအသုံးပြုမှုအပေါ် ဒဏ်ကြေးငွေ ပေးဆောင်စေခြင်းအပြင် ဥပဒေကြောင်းအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားနိုင်ရေးကို ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေနဲ့ စိစစ်ပြီး အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

သို့ဖြစ်တဲ့အတွက် မကွေးတိုင်းဒေသကြီး အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်း ရဲ့ နိုင်ငံနှင့်အဝန်း တရားဝင်စိုက်ပျိုးမြေအဖြစ် တည်ရှိလျက်ရှိတဲ့ လယ်ယာမြေတွေအပေါ်မှာ အခြားနည်းအသုံးချခွင့် လျှောက်ထားခြင်းမရှိဘဲ ခွင့်ပြုထားခြင်း မပြုသေးတဲ့ လူနေအိမ်ရာကွက်တွေ၊ မွေးမြူရေးလုပ်ငန်းတွေ ဓာတ်ဆီဆိုင်ကဲ့သို့ စီးပွားရေးလုပ်ငန်းများ အလျင်အမြန် တိုးချဲ့ဆောင်ရွက်နေမှုများကို စီမံခန့်ခွဲတားမြစ်ရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းအပေါ် လယ်ယာမြေမှာ ခွင့်ပြုချက်မရှိဘဲ အခြားနည်း ကျူးလွန်အသုံးပြုမှုအတွက် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေနှင့်အညီ သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှု အဆင့်ဆင့်အနေနဲ့ ထိရောက်စွာ တားမြစ်ရေး အရေးယူဆောင်ရွက်သွားဖို့ စီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအပေါ် ပြန်လည်ရှင်းလင်း ဖြေကြားပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၁၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းနိုင် ရဲ့ မေးခွန်းအပေါ် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ကိုယ်စား ဆက်လက်ဖြေကြားပေးပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရေပေးဝေရေးမှာ ဖိုက်ဘာပိုက် အသုံးပြုမည့်အစား သံရေပိုက်များချထားပေးရန် အစီအစဉ်ကို သိရှိလိုတဲ့ မေးခွန်းဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရေပေးဝေရေးမှာ ဖိုက်ဘာပိုက် အသုံးပြုမည့်အစား သံရေပိုက်များ ချထားပေးရန်နဲ့စပ်လျဉ်းပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်တဲ့ လေရှီး၊ လဟယ်၊ နန်းယွန်းမြို့နယ်တို့အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စိမ့်စမ်းရေ သွယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ရာမှာ မြေမျက်နှာသွင်ပြင် အနိမ့်၊ အမြင့် အနေအထားပေါ်မှာ မူတည်ပြီး ဆောင်ရွက်သွားရမယ့် အနေအထားများရှိပါတယ်။ သို့ဖြစ်တဲ့အတွက် ဖိအား (Pressure) အလွန်များပြီး PVC ပိုက်ရဲ့ ခံနိုင်ရည်ထက်မြင့်တဲ့ နေရာတွေ၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးမှုလွယ်သော နေရာတွေ၊ မြေ သဘာဝအရ လိုင်းကျင်းများ တူးဖော်မရတဲ့နေရာတွေ၊ ထိခိုက်လွယ်တဲ့နေရာတွေမှာ PVC ပိုက်အစား GI ပိုက်များဖြင့် တပ်ဆင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ကိုယ်စား ပြန်လည်ဖြေကြားပေးပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး အမှတ်(၄)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးထိန်ဝင်း ရဲ့ မေးခွန်းအပေါ် ဖြေကြားပါမယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်၊ ဘဲ့ပြားကုန်းကျေးရွာအုပ်စု၊ စာစီကုန်းကျေးရွာအနီးမှာ ရှိတဲ့ ဧက(၁၀၀၀)ခန့် ယခင် ကြက်ဆူစီမံကိန်း မြေနေရာကို နွားမွေးမြူရေးဇုန်အဖြစ် သတ်မှတ် ခွင့်ပြုပေးဖို့ စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။ ယင်း အပေါ် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ကိုယ်စား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှ ဖြေကြားပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၊ ဘဲ့ပြားကုန်းကျေးရွာအုပ်စု၊ စာစီကုန်းကျေးရွာအနီးမှာရှိတဲ့ ဧက(၁၀၀၀)ခန့်ရှိတဲ့ ယခင် ကြက်ဆူစီမံကိန်း မြေနေရာကို စိစစ်ခဲ့ ပါတယ်။ မြေအမျိုးအစားအနေနဲ့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းအမျိုးအစားဖြစ်ပါတယ်။ ၎င်းမြေတွေဟာ ကြို့ကုန်းကွင်းအမှတ် (၉၅၆) မှာ ဧက(၁၄၀)နဲ့ ငပုဖုန်းကွင်း၊ ကွင်းအမှတ်(၉၂၆) မှာ ဧက(၈၆၀)၊ စုစုပေါင်းဧက(၁၀၀၀)ဖြစ်ပါတယ်။ သီဟိုဠ်နှင့် ကြက်ဆူစိုက်ပျိုးနိုင်ဖို့အတွက် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးအသင်းအမည်နဲ့ ၂ - ၁၀ - ၂၀၁၀ ရက်စွဲနဲ့ ခွင့်ပြုချက်ရရှိထားတာ ဖြစ်ပါတယ်။ အဆိုပါ မြေတွေကို ပထမနှစ်မှာ ဧက(၁၀၀)၊ ဒုတိယနှစ်မှာ (၃၀၀)၊ တတိယနှစ်မှာ (၃၀၀)နဲ့ စတုတ္ထနှစ်မှာ ဧက(၃၀၀)ကို နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ သို့သော်လည်းပဲ ပထမနှစ်မှာ ဧက(၂၀၀)ကို ကြက်ဆူစိုက်ပျိုးခဲ့သော်လည်းပဲ မီးလောင်ကျွမ်းမှုဖြစ်ပေါ်ခဲ့တဲ့အတွက်ကြောင့် ပြန်လည်စိုက်ပျိုးထားမှု မရှိတော့တဲ့အခြေအနေဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ အဆိုပါ စိစစ် တွေ့ရှိချက်တွေအရ ဧက(၁၀၀၀)မြေနေရာကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအမည်နဲ့ ဥပဒေနှင့်အညီ လျှောက်ထားရယူခဲ့သော်လည်း ဥပဒေပါသတ်မှတ်ချက်အတိုင်း (၄)နှစ်တာကာလ အတွင်း စိုက်ပျိုးနိုင်မှု မရှိခြင်း၊ ပထမနှစ်မှာ စိုက်ပျိုးတဲ့ဧက(၂၀၀)မှာလည်း ရှင်သန်မှုမရှိ မီးလောင် ပျက်စီးခဲ့ခြင်းတို့ကြောင့် စည်းကမ်းပျက်ယွင်းတဲ့မြေဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

လက်ရှိ မြေပြင်မှာ မြေလွတ်၊ မြေလပ်၊ မြေရိုင်း စိုက်ပျိုးထားမှု မှန်ကန်ခြင်း ရှိ/မရှိ စိစစ်တဲ့ မိမိတို့ရဲ့ အထူးစိစစ်ရေးအဖွဲ့ (Task Force) အဖွဲ့များနဲ့ ကွင်းဆင်းစစ်ဆေးတဲ့အခါမှာ စည်းကမ်း ပျက်ယွင်းကြောင်းတွေ့ရှိရတဲ့အတွက်၊ ရရှိထားတဲ့ မြေလွတ်၊ မြေလပ်၊ မြေရိုင်း လုပ်ပိုင်ခွင့်ကို ဖျက်သိမ်း၊ ပယ်ဖျက်ပေးနိုင်ဖို့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီကို တင်ပြနိုင်ဖို့အတွက် တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နဲ့ မြေရိုင်းများ စီမံခန့်ခွဲရေးအဖွဲ့မှ အမှုတွဲပြုစုစိစစ်လျက်ရှိကြောင်း သိရပါတယ်။ မြေလွတ်၊ မြေလပ်နဲ့ မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီအနေနဲ့ ယခင်အမိန့်စာကို ဖျက်သိမ်းခွင့်ကျပြီးတဲ့နောက် မူလ မြေလွတ်၊ မြေရိုင်းများအဖြစ် ရောက်ရှိသွားမယ်ဆိုရင် ဒေသခံ တောင်သူတွေ၊ မွေးမြူရေးဆောင်ရွက်လိုသူတွေ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းဥပဒေနှင့်အညီ မိမိတို့ မြေလွတ်၊ မြေလပ်နဲ့ မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီကို လျှောက်ထားနိုင်ပါကြောင်း ကြေညာစာ ထုတ်ပြန်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ယင်းသို့ ကြေညာပေးမယ်ဆိုရင် တောင်သူများကလည်း မွေးမြူရေးလုပ်ငန်းသော်လည်းကောင်း၊ စိုက်ပျိုးရေးသော်လည်းကောင်း၊ တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက် ဖြစ်စေ လုပ်ကိုင်လိုကြောင်း မြေလွတ်၊ မြေလပ်နဲ့ မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီကို လျှောက်ထား

နိုင်ပြီး ခွင့်ပြုမိန့်ရရှိပါက သတ်မှတ်ထားတဲ့ စည်းကမ်းချက်နဲ့အညီ မွေးမြူရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းပါ မွေးမြူရေးဇုန် တည်ထောင်နိုင်ရေးကိစ္စနဲ့ပတ်သက်ပြီး မြေလွတ်၊ မြေလပ်၊ မြေရိုင်း မူလအမိန့် ပယ်ဖျက်ခြင်း၊ အမိန့်အသစ် ထပ်မံရယူခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ လုပ်ငန်းများကို စတင်အကောင်အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်။ တစ်သီးပုဂ္ဂလဖြစ်စေ၊ အစုအဖွဲ့အားဖြင့်ဖြစ်စေ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်လိုတဲ့ ပုဂ္ဂလိကများအနေနဲ့၊ အဖွဲ့အစည်းများအနေနဲ့ ယခင်အမိန့် ပယ်ဖျက်ပြီး ကြေညာချက်ရပါက လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားသွားကြဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ အဆိုပါမြေနေရာဟာ မွေးမြူရေးဇုန်အဖြစ် ဆောင်ရွက်မယ်ဆိုရင် သင့်လျော်မှုရှိပြီးတော့ ဒေသတွင်းစားသုံးမှုကို ဖြည့်ဆည်းနိုင်ခြင်းနှင့် သွင်းကုန်အစားထိုးပစ္စည်း ထုတ်လုပ်နိုင်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းများလည်း ပေါ်ပေါက်လာမည်ဖြစ်ကြောင်း မိမိတို့တိုင်းဒေသကြီး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ စိစစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တင်ပြထားပြီးလည်း ဖြစ်ပါတယ်။

တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လည်း စည်းကမ်းပျက်ယွင်းတဲ့ မြေလွတ်၊ မြေလပ်နဲ့ မြေရိုင်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ပယ်ဖျက်ခွင့်ရရှိရေး ဆောင်ရွက်သွားဖို့နဲ့ ဒေသခံ စိုက်ပျိုးရေး၊ မွေးမြူရေးဆောင်ရွက်နေသူများ ပြန်လည် လျှောက်ထားနိုင်ရေး ဆောင်ရွက်သွားဖို့အတွက် ခရိုင်၊ မြို့နယ်များကို လမ်းညွှန်အကြောင်း ကြားထားပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်တဲ့အတွက် မေးခွန်းပါ အဆိုပါ ဧက(၁၀၀၀) မြေနေရာအား ဥပဒေနှင့်အညီ လုပ်ပိုင်ခွင့်ကို ဦးစွာရယူရန် လိုအပ်ပါမယ်။ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ဖို့အတွက် မိမိတို့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနဲ့ ချိတ်ဆက်ပြီး လိုင်စင်၊ မှတ်ပုံတင်ရရှိရေး၊ လိုအပ်တဲ့အကြံဉာဏ်များ၊ နည်းပညာများရရှိရေး၊ ရန်ပုံငွေရရှိရေးတို့ကို ညှိနှိုင်းဆောင်ရွက် သွားနိုင်ပါကြောင်း ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ် အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ်ရဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ရဲ့ ဖြေကြားချက်နဲ့အတူ ပေါင်းစပ်ပြီး ဖြေကြားပေးပါ့မယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းမှာ ပါရှိတဲ့ ကျိုးကြောင်းဖော်ပြချက်တွေကို ဆန်းစစ်တဲ့အခါမှာ ပြည်နယ်ရဲ့စိုက်ပျိုးရေးကဏ္ဍ တိုးတက်မြင့်မားရေးအတွက် စိုက်ပျိုးရေရရှိရေး လုပ်ငန်းအစီအမံတွေ နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်ပေးမှုများသာမက နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ ထောက်ပံ့ငွေ၊ ချေးငွေများနဲ့ ရင်းနှီးမြှုပ်နှံ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရေးအတွက် အဓိကထား မေးမြန်းထားတာ တွေ့ရပါတယ်။ စိုက်ပျိုးရေးကဏ္ဍမှာ နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ ထောက်ပံ့ငွေ၊ ချေးငွေများနဲ့ ဆောင်ရွက်ထားရှိတဲ့ အစီအစဉ်များကို ထည့်သွင်းမေးမြန်းထားတဲ့ အနေအထားဖြစ်ပါတယ်။ မေးခွန်းဟာ ကျယ်ပြန့်တဲ့အတွက် အချိန်အနည်းငယ်ယူ ရှင်းလင်းဖြေကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်အတွင်း စိုက်ပျိုးရေ တိုးတက်ရရှိပြီး လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေဖို့အတွက် အဓိကကျတဲ့ ရေငန်ဝင်ရောက်မှုမှ ကာကွယ်ဖို့နဲ့ ရေချို ထိန်းသိမ်းနိုင်ဖို့ ရေငန်တားတာတွေနဲ့ ရေထိန်းတံခါးတွေကို ဆက်စပ်တည်ဆောက်ပေးခြင်းလုပ်ငန်းကို ဦးစားပေးဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ဟာဆိုရင် ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် ထိစပ်တည်ရှိပြီး ဒေသအတွင်းမှာရှိတဲ့ ချောင်းအများစုဟာလည်း ပင်လယ်ဒီရေ အတက်၊ အကျရှိတဲ့ ပထဝီအနေအထားဖြစ်ပါတယ်။ ဒီလိုအခြေအနေမှာ သီးထပ်၊ သီးညှပ်စိုက်စနစ်နဲ့ သီးနှံစုံ စိုက်ပျိုး နိုင်မယ့် မြေဧရိယာများ ပေါ်ထွက်လာစေဖို့အတွက် စိုက်ပျိုးရေလုံလောက်စွာ ရရှိစေဖို့ဆိုရင် ရေငန် တားတာတွေနဲ့ ရေထိန်းတံခါးတွေအပြင် တည်ရှိနေတဲ့ မြစ်၊ ချောင်းများတစ်လျှောက် ဆက်စပ် တည်ဆောက်ရမှာဖြစ်ပါတယ်။ အဆိုပါလုပ်ငန်းဟာ နည်းပညာပိုင်းအပါအဝင် ငွေကြေးရင်းနှီးမြှုပ်နှံမှု ပမာဏကြီးမားတဲ့အတွက် နိုင်ငံတကာအဖွဲ့အစည်းများရဲ့ ချေးငွေ၊ ထောက်ပံ့ငွေ အကူအညီလိုအပ်မှာ လည်းဖြစ်ပါတယ်။

နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ နည်းပညာအကူအညီတွေ၊ ထောက်ပံ့ငွေ သို့မဟုတ် ချေးငွေ များနဲ့ ရင်းနှီးမြှုပ်နှံ အကောင်အထည်ဖော်မယ်ဆိုရင် စိုက်ပျိုးမြေ တစ်ဆက်တစ်စပ်တည်းရှိတဲ့ တည်ရှိမှု အခြေအနေ၊ စီမံကိန်းကုန်ကျစရိတ်နဲ့ အတိုးအမြတ်တွက်ခြေကိုက်မှု ရှိ/မရှိ၊ သဘာဝ ပတ်ဝန်းကျင်နဲ့ လူမှုစီးပွားဘဝ ထိခိုက်ပျက်စီးနိုင်မည့် အခြေအနေတွေကို လေ့လာဆန်းစစ်ရန် လိုအပ်လာမှာဖြစ် ပါတယ်။ လက်ရှိအခြေအနေအရ အဆိုပါအချက်တွေဟာ နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ ထောက်ပံ့ငွေ သို့မဟုတ် ချေးငွေနဲ့ရင်းနှီးမြှုပ်နှံဖို့အတွက် ၎င်းတို့ရဲ့စံနှုန်းများအရ ဒေသမှာ ကန့်သတ်ချက်များလည်း ရှိနေပါတယ်။ ဒါ့အပြင် ရေငန်တားတာတွေနဲ့ပတ်သက်ပြီး ကာကွယ်ဧရိယာအတွင်းမှာ ဆက်စပ်တည်ရှိ နေတဲ့ ပုစွန်၊ ငါးကန်း မွေးမြူရေးလုပ်ငန်းတွေကြောင့် စိုက်ပျိုးရေးနဲ့ မွေးမြူရေးကဏ္ဍ (၂)ရပ်ရဲ့ အငြင်းပွားမှုတွေကို ဖြေရှင်းဆောင်ရွက်နေရဆဲဖြစ်တဲ့အတွက် ရင်းနှီးမြှုပ်နှံမှုအပိုင်းမှာ အဆိုပါအချက် ဟာလည်း ထည့်သွင်းစဉ်းစား ဆောင်ရွက်သွားရမယ့်အချက် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါကန့်သတ်ချက်များ ရှိနေသေးတဲ့အတွက် အခြေအနေပေးလာမှု အပေါ်မှာ နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ အထောက်အပံ့ သို့မဟုတ် ချေးငွေများနဲ့ ရင်းနှီးမြှုပ်နှံ ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။ လတ်တလောအခြေအနေမှာတော့ ဆည်မြောင်းဆိုင်ရာ လုပ်ငန်း တွေကို နိုင်ငံတကာအဖွဲ့အစည်းများရဲ့ အထောက်အပံ့ သို့မဟုတ် ချေးငွေများနဲ့ ဆောင်ရွက်နိုင်မှု မရှိသေးတဲ့အခြေအနေ ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ သို့ဖြစ်တဲ့အတွက် လတ်တလော အကျိုးဖြစ်ထွန်းစေမယ့် လုပ်ငန်းတွေကို ဒေသရဲ့လိုအပ်ချက်အပေါ် အခြေခံလေ့လာဆန်းစစ်ပြီး နိုင်ငံတော်ရဲ့ ဘဏ္ဍာရန်ပုံငွေနဲ့ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိခြင်း ဖြစ်ပါတယ်။ ပြည်နယ်တစ်ခုလုံးမှာ ရေလှောင်တမံ(၆)ခု၊ ရေငန်တားတမံ(၃၂)ခုနဲ့ ရေငန်တားတာများနဲ့ ဆက်စပ် တည်ဆောက်ထားတဲ့ ရေထိန်းတံခါး(၆၁)ခု ဌာနကတည်ဆောက်ပြီး ဒေသခံလယ်သမားတွေက ထိန်းသိမ်းထားတဲ့ လယ်သမားတာ (ကာရီ)(၁၀၁)ခု ရှိပါတယ်။ ရေလှောင်တမံ(၆)ခုရဲ့ အကျိုးပြု ဧရိယာဟာ (၅၈၈၅)ဧက ဖြစ်ပါတယ်။ ရေငန်တားတာ(၃၂)ခုက ကာကွယ်ဧရိယာဟာ ဧက(၈၀၀၀၀)ခန့် ဖြစ်ပြီးတော့ လယ်သမားတာ (ကာရီ)(၁၀၁)ခုက ကာကွယ်ပေးထားတဲ့ ဧရိယာဟာ ဧက(၈၅၆၀၈)ဧက

ဖြစ်ပါတယ်။ အဆိုပါ ကာကွယ်ဆေးရိယာတွေဟာ မိုးစပါးကို နှစ်စဉ်အောင်မြင်စွာ စိုက်ပျိုးဖြစ်ထွန်းရန် အတွက် ရည်ရွယ်ဆောင်ရွက်ထားတဲ့ လုပ်ငန်းများဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးရေးနဲ့ဆက်နွယ်လျက်ရှိတဲ့ လုပ်ငန်းစဉ်တွေမှာ နိုင်ငံတကာအဖွဲ့အစည်းများရဲ့ ချေးငွေ သို့မဟုတ် ထောက်ပံ့ငွေများနဲ့ ပြည်နယ်တစ်ဝန်း အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိတဲ့လုပ်ငန်းများကို ဆက်စပ်ရှင်းလင်း တင်ပြပါမယ်။ မိမိတို့ ကိုရီးယားနိုင်ငံ (KOICA) ရဲ့ ချေးငွေ၊ အထောက်အပံ့နဲ့ ဆေးမားအွန်ဒေါင်း စံပြကျေးရွာများ တည်ထောင်ခြင်းစီမံကိန်း ရှိပါတယ်။ World Bank ရဲ့ ငွေကြေးအထောက်အပံ့နဲ့ ရေကြီးရေလျှံမှုနဲ့ မြေပြိုမှုဘေးအန္တရာယ် ကာကွယ်ရေး အရေးပေါ် ပြန်လည်ထူထောင်ရေးစီမံကိန်း ရှိပါတယ်။ Consortium of Dutch INGO's (CDN) ရဲ့ ငွေကြေးအထောက်အပံ့နဲ့ သဘာဝဘေးဒဏ်ခံ ဒေသပြန်လည် ထူထောင်ရေးနဲ့ ကျေးလက်အဖွဲ့အစည်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ရှိပါတယ်။ GRET ရဲ့ အထောက်အပံ့နဲ့ လူထုရဲ့စားနပ်ရိက္ခာဖူလုံရေးနဲ့ အသက်မွေးမှုဘဝအခြေအနေကို တိုးမြှင့်တည်ဆောက်ပေးရေးစီမံကိန်း ရှိပါတယ်။

Epidemic Intelligence Information System (EPIS) ရဲ့ နည်းပညာအထောက်အပံ့နဲ့ အမျိုးသားလယ်ယာစားသောက်ကုန်ဆိုင်ရာ သတင်းအချက်အလက်စနစ် ထူထောင်ရေးနဲ့ လူသား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ရှိပါတယ်။ FAO ရဲ့ ငွေကြေးအထောက်အပံ့နဲ့ အာဟာရ ဆိုင်ရာ တုံ့ပြန်မှုရှိတဲ့ စားနပ်ရိက္ခာနဲ့ စိုက်ပျိုးရေးလုပ်ငန်းများ ဖန်တီးပေးရေး စီမံကိန်းရှိပါတယ်။ Landesa Rural Development Institute ရဲ့ နည်းပညာ အထောက်အပံ့နဲ့ မြေယာပြုပြင် ပြောင်းလဲမှုနဲ့ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းရှိ ပါတယ်။ ကိုရီးယားသမ္မတနိုင်ငံ Shinhan Bank ရဲ့ ချေးငွေနဲ့ လယ်ယာသုံးစက်ကိရိယာတွေကို အရစ်ကျစနစ် ရောင်းချပေးခြင်း စီမံကိန်းတွေကိုလည်းပဲ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက် ရှိကြောင်း တင်ပြအပ်ပါတယ်။

ဒါ့အပြင် ကိုရီးယားသမ္မတနိုင်ငံ အထောက်အပံ့နဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာ သင်တန်းဖွင့်လှစ်မယ့် လုပ်ငန်းစီမံချက်နဲ့ တရုတ်နိုင်ငံထောက်ပံ့မှုနဲ့ စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်သွားဖို့ ညှိနှိုင်း စီမံထားပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ တစ်ချိန်တည်းမှာပဲ ရခိုင်ပြည်နယ်အတွင်း စိုက်ပျိုး ထုတ်လုပ်ရေး သမဝါယမအသင်းများ ဖွံ့ဖြိုးရေးအတွက် China EXIM Bank ချေးငွေနဲ့ အသေးစား အရင်းအနှီးချေးငွေ ထုတ်ပေးလျက်ရှိရာမှာ ၂၀၁၈ ခုနှစ်၊ ဇွန်လကုန်အထိ အသင်းသား(၄၀၆၀၃)ဦးကို ကျပ်သန်းပေါင်း(၅၅၆၅)သန်း ထုတ်ချေးခဲ့ပြီး ဖြစ်ပါတယ်။ လယ်ယာသုံးစက်ကိရိယာတွေ အရစ်ကျ ရောင်းချပေးမှု၊ လယ်ယာမြေအဆင့်မြှင့်တင်ခြင်း၊ မျိုးစေ့ထုတ်လုပ်ငန်းများ ဆောင်ရွက်ခြင်းနဲ့ သွင်းအားစု များအတွက် ချေးငွေထုတ်ပေးခြင်းများကိုလည်း ဆောင်ရွက်ပေးလျက် ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အနေနဲ့ကလည်းပဲ ဂျပန်နိုင်ငံ JICA အဖွဲ့အစည်းကရတဲ့ Two Step Loan နဲ့ နှစ်တို၊ နှစ်ရှည်ချေးငွေတွေကို လယ်ယာကိုအခြေခံတဲ့ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ဖို့ ထုတ်ချေးပေးလျက် ရှိပါတယ်။ သို့ဖြစ်တဲ့အတွက် ပြည်နယ်

အတွင်း စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေးနဲ့ ဆက်နွယ်လျက်ရှိတဲ့ လုပ်ငန်းစဉ်တွေမှာ နိုင်ငံတကာ အဖွဲ့အစည်းတွေရဲ့ ချေးငွေ သို့မဟုတ် ထောက်ပံ့ငွေများနဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတဲ့ အခြေအနေနဲ့ စိုက်ပျိုးရေးရရှိဖို့ကို နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေ ခွင့်ပြုရရှိမှုပေါ်မူတည်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတဲ့ အခြေအနေများကို ရှင်းလင်းတင်ပြအပ်ပါတယ်။

နိုင်ငံတကာအဖွဲ့အစည်းများရဲ့ အထောက်အပံ့ သို့မဟုတ် ချေးငွေများနဲ့ စိုက်ပျိုးရေးတိုးတက်ရရှိဖို့ ရင်းနှီးမြှုပ်နှံမှုကို အခြေအနေပေးလာမှုအပေါ်မှာမူတည်ပြီး ဆောင်ရွက်သွားနိုင်မှာဖြစ်ပြီးတော့ လတ်တလောအခြေအနေမှာတော့ မြေပြင်အခြေအနေရဲ့ ကန့်သတ်ချက်များနဲ့ နိုင်ငံတကာ အဖွဲ့အစည်းများရဲ့ စံနှုန်းနဲ့အညီ ဆောင်ရွက်နိုင်ရန် လိုအပ်ချက်များရှိနေသေးတဲ့အတွက် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ဖို့ မရှိသေးတဲ့အခြေအနေဖြစ်ပါကြောင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအပေါ် ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇ ခုနှစ်)နှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇ ခုနှစ်)နှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၄။**

**ဦးလားလ်မင်းထန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနဲ့ လေ့လာသူဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးလားလ်မင်းထန် ဖြစ်ပါတယ်။ ကျွန်တော့်ကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇ ခုနှစ်)အပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားသွားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇ ခုနှစ်) အပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/ အမ(ကော်မတီ-၁) ၁/၂၀၁၈-၄၂၈

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်

၁။ ပြည်သူ့လွှတ်တော်က မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇ ခုနှစ်)ကို ၁၃-၆-၂၀၁၈ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကြည်ဝင်းက အကြံပြုဆွေးနွေးခဲ့ပါတယ်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ တောင်သူလယ်သမားရေးရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့် ၂၄-၇-၂၀၁၈ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ကြပါတယ်။

### လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၁၇ ခုနှစ်)ကို လေ့လာစိစစ်ရာ ပြည်သူ့လွှတ်တော်၏ အတည်ပြုထားသည့် အပိုဒ် ၈ တွင် ဖော်ပြထားသော ပုဒ်မ ၃၊ ပုဒ်မခွဲ(က)ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ထားရှိသင့်ပါကြောင်းနှင့် ဤဥပဒေကြမ်း၏ ကျန်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းသာ ဆက်လက်အတည်ပြုသင့်ပါကြောင်း လေ့လာတွေ့ရှိရပါတယ်။

### ကော်မတီ၏ သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါသောကြောင့် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇ ခုနှစ်)နှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ တောင်သူလယ်သမားရေးရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့် ဆွေးနွေးညှိနှိုင်းပြီး ဖြစ်ပါသဖြင့် ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် အပိုဒ် ၈ တွင် ဖော်ပြထားသော ပုဒ်မ ၃၊ ပုဒ်မခွဲ(က)ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်းသာ ပြန်လည်အတည်ပြု

ပါရန်နှင့် လွှတ်တော်နှစ်ရပ် သဘောထား ကွဲလွဲချက်ကို ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ခံယူ ဆောင်ရွက်သင့်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇ ခုနှစ်)အား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇ ခုနှစ်)အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် များအနက် -

ဥပဒေကြမ်း၏ အပိုဒ် ၈ တွင် ဖော်ပြထားသော ပုဒ်မ ၃၊ ပုဒ်မခွဲ(က)ကို ဥပဒေကြမ်း ကော်မတီက အမျိုးသားလွှတ်တော်၏ မူလအတည်ပြုချက်အတိုင်းထားရှိသင့်ကြောင်း တင်ပြထားပါတယ်။

ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည် ဖြစ်သည်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက် အမျိုးသား လွှတ်တော်က ပြန်လည်အတည်ပြုထားသော အပိုဒ်၊ အပိုဒ်ခွဲမှအပ ကျန်ရှိသည့် အပိုဒ်၊ အပိုဒ်ခွဲများကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အတိုင်းထားရှိရန် ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။

ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူလျှင် မတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇ ခုနှစ်)နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်း**

**အချိန်၊ ၁၀း၅၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်တွင် ပြန်လည်ဆွေးနွေးရာ၌ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောမတူကြောင်း တွေ့ရှိရသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထိုသို့ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၇၊ နည်းဥပဒေခွဲ(က)အရ အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၉။**

**ဦးလာလ်းမင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇ ခုနှစ်) နှင့်စပ်လျဉ်း၍ ၂၀၁၅ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၇၊ နည်းဥပဒေခွဲ (က)အရ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူပေးနိုင်ပါရန် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ကျွန်တော် ဦးလာလ်းမင်းထန် က အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇ ခုနှစ်)နှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇ ခုနှစ်)နှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

**ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၏ မြန်မာနိုင်ငံတွင် လယ်ယာဥယျာဉ်ခြံမြေများကို စည်းကမ်းမဲ့စွာ အကွက်ဖော် ရောင်းစားနေကြခြင်းတို့ကြောင့် စိုက်ပျိုးမြေများ အလျင်အမြန် လျော့နည်းလာခြင်း၊ မြို့ပေါ်နှင့် ကျေးရွာများတွင် နောင်တစ်ချိန် လိုအပ်ပါက အသုံးပြုနိုင်ရန် ချန်လှပ်ထားသော မြေလွတ်များ ပျောက်ဆုံးကုန်ခြင်း စသည်တို့နှင့် အဓိကသက်ဆိုင်သော စီမံခန့်ခွဲမှုကော်မတီ၊ စည်ပင်သာယာရေးကော်မတီနှင့် လယ်ယာမြေ စီမံခန့်ခွဲမှုကော်မတီအဆင့်ဆင့် (ကော်သုံးကော်)တို့၏ လျော့ရဲပြီး အဂတိတရားမကင်းသည့် လုပ်ဆောင်ချက်များကို ထိရောက်စွာ ထိန်းညှိပေးနိုင်မည့် အစီအမံတစ်ခုကို အလျင်အမြန်ရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း က မြန်မာနိုင်ငံတွင် လယ်ယာဥယျာဉ်ခြံမြေများကို စည်းကမ်းမဲ့စွာ အကွက်ဖော် ရောင်းစားနေကြခြင်းတို့ကြောင့် စိုက်ပျိုးမြေများ အလျင်အမြန် လျော့နည်းလာခြင်း၊ မြို့ပေါ်နှင့် ကျေးရွာများတွင် နောင်တစ်ချိန် လိုအပ်ပါက အသုံးပြုနိုင်ရန် ချန်လှပ်ထားသော မြေလွတ်များ ပျောက်ဆုံးကုန်ခြင်း စသည်တို့နှင့် အဓိကသက်ဆိုင်သော စီမံခန့်ခွဲမှု ကော်မတီ၊ စည်ပင်သာယာရေးကော်မတီနှင့် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီအဆင့်ဆင့်(ကော်သုံးကော်)တို့၏ လျော့ရဲပြီး အဂတိတရားမကင်းသည့် လုပ်ဆောင်ချက်များကို ထိရောက်စွာ ထိန်းညှိပေးနိုင်မည့် အစီအမံတစ်ခုကို အလျင်အမြန် ရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတစ်ရပ်ကို တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ဦးမျိုးဝင်း အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၁။**

**ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)က ဦးမျိုးဝင်း ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော် လွှတ်တော်ကို တင်သွင်းမယ့် အဆိုကတော့ မြန်မာနိုင်ငံမှာ လယ်ယာ၊ ဥယျာဉ်ခြံမြေတွေကို ဥပဒေမဲ့ အသုံးပြုနေကြလို့ စိုက်ပျိုးမြေတွေ အလျင်အမြန် လျော့နည်းလာတာ လူနေမြို့ပြနှင့် ကျေးရွာတွေမှာ နောင်တစ်ချိန် လိုရင်သုံးဖို့ ချန်ထားတဲ့ လူနေအိမ်ရာချထားဖို့မသင့်လို့ လှပ်ထားတဲ့ မြေလွတ်တွေကို လွဲမှားစွာ စီမံခန့်ခွဲနေမှုကြောင့် ပျောက်ဆုံးကုန်တာနှင့် ပတ်သက်ပြီးတော့ အဓိကတာဝန်ရှိတဲ့ စီမံခန့်ခွဲရေးကော်မတီ၊ စည်ပင်သာယာရေးကော်မတီနှင့် မြေယာစီမံခန့်ခွဲရေးကော်မတီ အဆင့်ဆင့်တို့ရဲ့ လျော့ရဲပြီး အဂတိတရားမကင်းသည့် လုပ်ဆောင်ချက်တွေကို ထိထိရောက်ရောက် ထိန်းညှိပေးနိုင်မည့် အစီအမံတစ်ခုကို အလျင်အမြန်ရေးဆွဲပြဋ္ဌာန်းပေးနိုင်ဖို့ ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုပဲ ဖြစ်ပါတယ်။

ဒီအဆိုတင်သွင်းရတာနှင့်ပတ်သက်ပြီး အနည်းငယ်ရှင်းပြလိုပါတယ်။ အခု မြန်မာနိုင်ငံ တစ်ဝန်းမှာရှိတဲ့ လယ်ယာမြေတွေ၊ ဥယျာဉ်ခြံမြေတွေကို အခြားနည်း အသုံးပြုခွင့် လျှောက်ထားလာကြတဲ့အခါ၊ မြေယာပြဿနာများကို ဖြေရှင်းကြတဲ့အခါ၊ မြို့ပြနှင့် ကျေးရွာများမှာရှိတဲ့ ဘုံပိုင်မြေတွေကို

စီမံထိန်းသိမ်းကြတဲ့အခါ မြို့ပြကို သာယာစနစ်ကျအောင် ဖော်ဆောင်ကြတဲ့အခါတွေမှာ ခုန အဆို ခေါင်းစဉ်မှာပါတဲ့ ကော်မတီ(၃)ရပ်ဟာ အဓိက တာဝန်ယူဆောင်ရွက်ရတာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါရန် ဥက္ကဋ္ဌကြီးအား လေးစားစွာ မေတ္တာရပ်ခံအပ်ပါတယ်။

ဒါက မြို့နယ်အဆင့် ကော်မတီ(၃)ရပ်နှင့် သူတို့ လုပ်ငန်းတာဝန်တချို့ကို အကြမ်းဖျင်း ဖော်ပြထားတဲ့ Slide ဖြစ်ပါတယ်။ လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီမှာ မြို့နယ်အုပ်ချုပ်ရေးမှူးက ဥက္ကဋ္ဌ၊ မြေစာရင်းဦးစီးမှူးက အတွင်းရေးမှူး ဖြစ်ပါတယ်။ နောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီမှာ ဥက္ကဋ္ဌက မြို့နယ်အုပ်ချုပ်ရေးမှူးပဲ ဖြစ်ပါတယ်။ အတွင်းရေးမှူးက ဌာနဆိုင်ရာဦးစီးမှူးတွေထဲက တစ်ဦးဖြစ်ပါတယ်။ အဖွဲ့ဝင်တွေကတော့ ဌာနဆိုင်ရာ ဦးစီးမှူးအများစုနှင့် အရပ်သားကိုယ်စားလှယ် (၂)ဦး၊ (၃)ဦး ပါ ပါတယ်။ စည်ပင်သာယာရေးကော်မတီကိုတော့ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီးက ရေးဆွဲပြဋ္ဌာန်းတဲ့ ဥပဒေအရ ရွေးကောက်ခံ မြို့မိ/မြို့ဖက ဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာအဖွဲ့ ဦးဆောင် အရာရှိက အတွင်းရေးမှူး ဖြစ်ပါတယ်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဟာ တည်ဆောက်ရေးကော်မတီတို့လို သိမ်းဆည်းခံ မြေများ ပြန်လည်စိစစ်ရေးကော်မတီတို့လိုနှင့် အခြားကော်မတီများစွာမှာလည်း ဥက္ကဋ္ဌရာထူးတွေ ရယူထားတာတွေ ရှိပါသေးတယ်။ လုပ်ငန်းတွေကိုကြည့်တဲ့အခါ သက်ဆိုင်ရာကော်မတီလုပ်ငန်းနှင့် ဌာန ဆိုင်ရာလုပ်ငန်းတွေ ရောထွေးနေတာက ပြဿနာဖြစ်နေပါတယ်။ ဥပမာ ခြံတစ်ခြံမှာ ကျောက်တောင် ရှိတယ်။ ဒီမြေကို ကျောက်ထုတ်ဖို့ အခြားနည်းသုံးစွဲခွင့်လျှောက်တယ်။ ခွင့်ပြုသင့်/မသင့် ထောက်ခံချက် ပေးရမှာက လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီနှင့် သက်ဆိုင်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဖြစ်ပါတယ်။

ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိရင် ခွင့်ပြုချက်ချပေးရမှာက ပြည်နယ်အစိုးရနဲ့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရဲ့ တာဝန်ဖြစ်ပါတယ်။ အောက်ခြေမှာ ပြဿနာတက်ရင် အရင်ဆုံး စုံစမ်းစစ်ဆေး ရမှာက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဥက္ကဋ္ဌလုပ်တဲ့ မြေယာစိစစ်ရေးကော်မတီ ဖြစ်ပါတယ်။ ဒီတော့ ဒီဌာနကပဲ ခွင့်ပြု။ ဒီဌာနက ပုဂ္ဂိုလ်ဦးစီးတဲ့ မြေယာစီမံခန့်ခွဲရေးကော်မတီကပဲ စစ်။ ဒါက အဖြေမထွက်နိုင်တဲ့ အဖြေရှာခြင်းကို ကျွန်တော် အကြမ်းဖျင်း တင်ပြခြင်းဖြစ်ပါတယ်။ အလားတူ မြေယာကိစ္စတွေလည်း အများကြီး ရှိပါသေးတယ်။

ပြဿနာအများကြီးကို ကော်မတီအများကြီးမှာ ဥက္ကဋ္ဌတစ်ဦးတည်းက ဖြေရှင်းနေတာ ဆိုတော့ မနိုင်မနင်းဖြစ်နေတာလည်း ပါ ပါတယ်။ အဲဒီ ကော်မတီတွေ၊ ဆက်စပ်ဌာန ဝန်ထမ်းတွေနှင့် ပြည်သူတွေကြားမှာ ဘာတွေဖြစ်နေသလဲဆိုတာကို ကိုယ်စားလှယ်တော်ကြီးတွေ အားလုံးအသိ ဖြစ်ပါ တယ်။ ဒီအဆိုကို လွှတ်တော်က ဆွေးနွေးခွင့်ပြုခဲ့လျှင် ပါဝင်ဆွေးနွေးပေးကြပြီးတော့ အစိုးရကို ဝိုင်းဝန်း အကြံပြုကြစေလိုပါတယ်။ ဘာမှဝေဖန်ပြောဆိုလို့မရတဲ့ ခေတ်တွေမှာ ဒါတွေ စဖြစ်ခဲ့တယ်။ ပြီးခဲ့တဲ့ အစိုးရလက်ထက်မှာလည်း ဖြစ်ခဲ့တယ်။ အခုလက်ရှိ အစိုးရလက်ထက်မှာလည်း ပုန်းလျှိုး ကွယ်လျှိုး ဖြစ်နေဆဲမို့ ဒီအစိုးရလည်း ဘာမှမထူးပါဘူးကွာဆိုတဲ့ အမြင်တွေ၊ အပြောတွေဟာ ပြည်သူ တွေကြားမှာ တဖြည်းဖြည်း ကျယ်လောင်လာတာကြောင့် ပထမတော့ ဒါကို ခုန ကိုယ်စားလှယ် တော်ကြီး ဦးခင်ဝင်း မေးသလိုပဲ ကျွန်တော် မေးခွန်းအနေနဲ့ မေးဖို့ စိတ်ကူးကြည့်ပါသေးတယ်။ ဒါပေမဲ့

ပတ်သက်နေတာက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တစ်ခုတည်းက မဟုတ်ဘဲ ဒီကော်မတီထဲမှာ ပြည်ထဲရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့လို ဝန်ကြီးဌာနအသီးသီးက နိုင်ငံ့ဝန်ထမ်းများတင်မက စည်ပင်သာယာရေးကော်မတီနှင့် အရပ်ဖက်က ကိုယ်စားလှယ်တွေပါ ပါဝင်နေကြတာဖြစ်လို့ ယခုလို အဆို အနေနဲ့ တင်သွင်းရခြင်း ဖြစ်ပါတယ်။

လေးစားရတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်များခင်ဗျား။ ကျွန်တော်တို့ နိုင်ငံဟာ လူနေရပ်ကွက်တွေ၊ မြေယာအမျိုးမျိုးတွေကို ဥပဒေနှင့်အညီ စနစ်တကျ အသုံးပြုစေအောင် စီမံခန့်ခွဲမှုမပြုနိုင်ခဲ့တာ ရာစုနှစ်တစ်ဝက်လောက် ကျိုးလာခဲ့ပြီဖြစ်ပါတယ်။ အကြောင်းကတော့ အဲဒီ စီမံခန့်ခွဲခွင့်တာဝန်ကို ရယူထားကြသူတွေ ကိုယ်တိုင်ကိုက လုပ်ပိုင်ခွင့်တွေကို အလွဲသုံးစားပြု ကိုယ်ကျိုးရှာခဲ့ကြတဲ့အတွက် ပရမ်းပတာဖြစ်နေတဲ့ မြို့ပြလူနေမှုစနစ်တွေ စည်းစနစ်မရှိတဲ့ လူနေ ကွက်သစ်တွေနှင့် ထိန်းမနိုင်သိမ်းမရ ဖြစ်ခဲ့ရတဲ့အမွေကို ကျွန်တော်တို့တစ်တွေ ဆက်ခံခဲ့ရပါတယ်။ ဒါတွေကို ကျွန်တော်တို့ လက်ထက်မှာ စနစ်တကျဖြစ်အောင် ပြန်လည် ပြုပြင်တည်ဆောက်ကြရမှာ ဖြစ်သလို မိမိ တာဝန်ယူစဉ်ကာလမှာလည်းပဲ ဒီလို အဖြစ်မျိုးတွေ ထပ်မတိုးလာအောင် စီမံထိန်းသိမ်း ကြရမှာလည်း ကိုယ့်တာဝန်ပဲ ဖြစ်ပါတယ်။

ရန်ကုန်မြို့ကြီးကို ကြည့်မယ်ဆိုရင် လမ်းတွေပေါ်မှာ ကားတွေကြပ်နေတယ်။ မိုးရွာတာနဲ့ လမ်းပေါ်ရေလျှံတယ်။ ပြန်စဉ်းစားကြည့်ပါ။ လွန်ခဲ့တဲ့ နှစ် (၄၀)၊ (၅၀)က ခုလိုပဲ ဖြစ်နေလား။ ဆိုင်ရာ တာဝန်ရှိသူတွေက ကားအစီးရေတိုးလာတာနှင့်အမျှ ချန်လှပ်ထားတဲ့ မြေလပ်တွေ၊ ပြည်သူပိုင်သိမ်းပြီး ကျန်နေသေးတဲ့နေရာတွေ၊ နိုင်ငံပိုင်မြေတွေ၊ ရန်ကုန်က ဝန်ကြီးဌာနတွေ၊ နေပြည်တော် ပြောင်းလာပြီး ကျန်နေတဲ့ ဌာနပိုင်မြေတွေကို နီးစပ်သူ လူပုဂ္ဂိုလ်အဖွဲ့အစည်းတွေကို မလွှဲပြောင်းဘဲ ကားပါကင် လုပ်ပေးသင့်မှန်းသိခဲ့ရင်၊ ရေမြောင်းတွေကို ထိန်းသိမ်းရကောင်းမှန်းသိခဲ့ရင်၊ မြေလပ်တွေ ရေစုကန်ကြီး တွေကို မြေဖို့ပြီး အိမ်ရာတွေမချပေးဘဲ ချန်လှပ်ထားရကောင်းမှန်းသိခဲ့ရင် အခုလောက် အခြေအနေ ဆိုးမှာ မဟုတ်ဘူးလို့ မြင်ပါတယ်။

ဒါကြောင့် အခုလို အလွဲအမှားတွေ မစီမံမိကြစေဖို့ဆိုတာ အဲဒီ မြေယာကဏ္ဍမှာ တာဝန် ပေးမယ့်သူတွေကို အသေအချာ ရွေးချယ်ကြဖို့လိုပါတယ်။ မိမိဒေသကို ချစ်မြတ်နိုးသူတွေ ကိုယ့်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးပြီး ရေရှည်အကျိုး မျှော်ကြည့်တတ်သူတွေ၊ အများအတွက် ကိုယ်ကျိုး စွန့်နိုင်သူတွေ၊ အဂတိတရားကို မနှစ်မြို့သူတွေနှင့် ဖွဲ့စည်းထားတဲ့ ကော်မတီတွေက စီမံခန့်ခွဲကြမှ သာလျှင် နိုင်ငံအဝန်းက ဒေသအသီးသီးဟာ ရေရှည်မှာစနစ်တကျ ပြန်လည်ဖွံ့ဖြိုးလာမှာ ဖြစ်ပါတယ်။ နယ်တွေမှာလည်း ဒီလိုပါပဲ။

ဒီလိုတာဝန်မဲ့သူ၊ ဥပဒေကိုအကြောင်းပြုပြီး ကိုယ်ကျိုးရှာသူအချို့ကြောင့် ကျွန်တော့် မြို့နယ်မှာ ဖြစ်ပျက်ခဲ့တဲ့အခြေအနေအချို့ကို သာဓကအနေနဲ့ တင်ပြလိုပါတယ်။ အခုမြင်ရတဲ့ပုံက ရေးမြို့ရဲ့ ကောင်းကင်ဓာတ်ပုံဖြစ်ပါတယ်။ ရှေးဟောင်းမြို့ဖြစ်လို့ ကျုံးရှိပါတယ်။ အပေါ်ကျုံး၊ အောက်ကျုံး၊ လိုင်းအနီလေးနဲ့က ရေးမြို့အနီး ကလိန်စေ့တောင်မှာ မြစ်ဖျားခံတဲ့ ကျုံသိုက်ချောင်း ဖြစ်ပါတယ်။ အဲဒီအောက်ဖက်က အနိမ့်ပိုင်း လူနေရပ်ကွက်တွေဖြစ်ပါတယ်။ ကျုံးက လျှံကျလာတဲ့

ရေရော အဲဒီ လူနေအနိမ့်ပိုင်းရပ်ကွက်က ထွက်လာတဲ့ရေမှန်သမျှဟာ အဲဒီ ကျုံးသိုက်ချောင်းကနေ တစ်ဆင့် ရေးမြစ်ထဲကို စီးဝင်ပါတယ်။

ဒီ (၂)ပုံက ချောင်းဘေးကမ်းနေရာတချို့ရဲ့ ၂၀၁၀ ပြည့်နှစ်နှင့် လက်ရှိ ၂၀၁၈ ခုနှစ် နှိုင်းယှဉ်ပြထားတဲ့ပုံဖြစ်ပါတယ်။ ၂၀၀၀ ပြည့်နှစ်အထိ ဒီချောင်းထဲကို ဝါးဖောင်တွေ၊ သမ္ဗန်တွေ၊ အိုးလှေကြီးတွေ ဝင်ကြပါတယ်။ ၂၀၁၀ ပြည့်နှစ် အထိတောင် အဆောက်အဦ တစ်လုံးပဲ ချထားပေးသေးတာကို ဝဲဘက်ကပုံမှာ တွေ့ရမှာဖြစ်ပါတယ်။ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲအပြီး ကော်မတီတွေရဲ့ အခန်းကဏ္ဍ အရေးပါလာရာကနေ ချောင်းဘေးတစ်လျှောက် အိမ်တွေဆောက်လာကြတာ ယာဘက်ကပုံမှာ မြင်တဲ့အတိုင်း ကျုံးသိုက်ချောင်း ဘ၀ကနေ ကျုံးသိုက်မြောင်းဘ၀ ရောက်သွားပါတယ်။

ဒါက မြေပြင်အခြေအနေဖြစ်ပါတယ်။ အကျိုးဆက်က အရင်ကလို ရေမဆွဲတော့လို့ မိုးကြီးရင် ရေကြီး။ အခု ချောင်းကို ပြန်ဖော်ဖို့ဟာ Back - hoe ဆင်းဖို့ အပေါက်တောင် မရှိတော့လို့ အခက်တွေ့နေရပါတယ်။ မနေ့ကပဲ မြို့မှာ ဒီအတွက် အစည်းအဝေးခေါ်တယ်လို့ ကြားပါတယ်။ တကယ်လို့ အရင်ကတည်းက မြို့ရဲ့ ရေရှည်အကျိုးကို စဉ်းစားပြီး လုပ်ခဲ့ကြရင် ခုလို အစည်းအဝေး ခေါ်စရာလည်းမလို။ နိုင်ငံတော်ငွေလည်း ကုန်မှာမဟုတ်ပါဘူး။ ကျွန်တော် ကိုယ်စားလှယ်ဖြစ်ဖြစ်ချင်း ဒီအခြေအနေတွေကို မြို့နယ် (ကော်သုံးကော်) အစည်းအဝေးမှာ ကျွန်တော် ပြောပါတယ်။ ဒါပေမဲ့ လွှတ်တော် တစ်ခါတက်ရင် အိမ်က (၃)၊ (၄)လုံးလောက် တိုးနေတော့ မေးကြည့်တော့လည်း အရင် ကတည်းက ခွင့်ပြုချက်ချပြီးသားလို့ ပြန်ပြန်ပြောပါတယ်။

မသမာမှုတွေက ရပ်ကွက်၊ ကျေးရွာနှင့် မြို့နယ်အဆင့်တင်မက ခရိုင်အဆင့်၊ ပြည်နယ်အဆင့် အထိ တက်ညီလက်ညီ ဖုံးဖိလုပ်နေကြတာ ကြားသိနေပေမယ့် လက်ဆုပ်လက်ကိုင်ပြဖို့ကတော့ ခက်နေပါတယ်။ အစိုးရအဆင့်ဆင့်က ဒါကို မသိတာလား။ သိရဲ့သားနဲ့ မဖြေရှင်းနိုင်တာလား။ ကျွန်တော် မသိပါဘူး။ အတင်းဖိအားပေးရင်လည်း ဒီနေရာမှာ မြေကွက်ရဖို့ ပေးထားရတဲ့သူက ကျွန်တော့်ကို အပြစ်တင်မယ်။ တစ်ခါ ဥပဒေပြုမဏ္ဍိုင်က အုပ်ချုပ်ရေးမှာ ဝင်စွက်တယ်ဆိုပြီး အပြောခံရမယ်။ ဒါကို စစ်ဆေးပေးပါဆိုရင်လည်း ခုနပြောသလို ဒီကိစ္စကို ထောက်ခံချက်ပေးလိုက်သူကပဲ ဒါကို ပြန်စစ်ဆေးဖို့ စီမံရမှာဆိုတော့ အဖြေမထွက်တဲ့ စစ်ဆေးချက်တွေနဲ့ ကြန့်ကြာနေမှုတွေဟာ ဒါတွေကြောင့်ပါပဲ။

မြို့ရဲ့ အရှေ့ဘက်ချောင်းမှာလည်း ဒီတိုင်းပါပဲ။ ၂၀၁၄ ခုနှစ် နဲ့ ၂၀၁၅ ခုနှစ် ပုံ(၂)ပုံမှာ ဓနိတောမြေကို တစ်ယောက်က ဝယ်လိုက်တယ်။ ၂၀၁၅ ခုနှစ်မှာ မြေ စပြင်ပါတယ်။ ညာဘက်ကပုံမှာ ဒီရေတောတွေ ပါသွားပါတယ်။ ၂၀၁၇ ခုနှစ်ကျတော့ ဓနိတော ပျောက်သွားပါပြီ။ အခု အိမ်မြေကွက် ရောင်းမယ်ဆိုပြီး ကြော်ငြာနေပါတယ်။ ဥပဒေနှင့်အညီ ဟုတ်/မဟုတ်တော့ မသိပါဘူး။ ဒါက မြေပြင် အခြေအနေဖြစ်ပါတယ်။ ဒါလည်း မြို့ခံတွေက ကျွန်တော့်ကိုပြော။ ကော်မတီနဲ့ ဌာနနဲ့ ကုမ္ပဏီနဲ့ရှင်းလို့ မကုန်နိုင်တဲ့ ဇာတ်လမ်းတွေဖြစ်ပါတယ်။ ဒါတွေအတွက် ဘယ်သူ့မှာ တာဝန်ရှိသလဲဆိုတာကြည့်မယ် ဆိုရင် ပထမဆုံး ဒီနေရာကို မြေအသုံးချခွင့်ပြုခဲ့တဲ့ မြေယာစီမံခန့်ခွဲမှုကော်မတီ၊ တကယ်ပဲ ဒီမြို့မှာ လို/မလို၊ ချောင်းဘေးမှာကပ်ပြီး လုပ်ခွင့် ပြုသင့်/မသင့် အရင်စဉ်းစားရမှာပါ။

လိုအပ်လို့ ချပေးလိုက်တယ်ဆိုရင်တောင် မြေကို အလွဲမသုံးအောင် စောင့်ကြည့်ရမယ့် တာဝန် ဒီကော်မတီမှာရှိပါတယ်။ ဒုတိယ မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေး

ကော်မတီ၊ မြို့ရဲ့လူနေမှုနှင့် ရေစီးရေလာစနစ်ကို ထိခိုက်နိုင်စေတယ်ဆိုရင် တားကြရမယ့်တာဝန် သူတို့မှာရှိပါတယ်။ လူမြင်ကွင်းမှာ ပေါ်ပေါ်ထင်ထင်လုပ်နေပေမယ့် မဆိုင်သလိုဘဲ နေခဲ့ကြပါတယ်။ မြို့ခံတွေက အတိုက်အခံဝိုင်းပြောမှ အဲဒီပိုင်တိုင်တွေကို ပြန်ဖြုတ်ခိုင်းဖို့ ဝိုင်းလုပ်ကြတာဖြစ်ပါတယ်။ ဒါကြောင့်လည်း အစိုးရအနေနဲ့ ရပ်ရွာအကျိုးလိုလားတဲ့ ပါသင့်ပါထိုက်သူများကို လူထုဆန္ဒနှင့်အညီ ကော်မတီတွေထဲထည့်ပြီး ပြန်ဖွဲ့သင့်ရင်ဖွဲ့၊ ဥပဒေနဲ့လုပ်ပိုင်ခွင့်များကို ပြန်လည်သတ်မှတ်ရေးဆွဲသင့်ရင် ရေးဆွဲဖို့ အချိန်ကျရောက်နေပြီဖြစ်ပါတယ်။

လေးစားရတဲ့ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ နောက်ကဏ္ဍ တစ်ခုဖြစ်တဲ့ စိုက်ပျိုးမြေတွေကို ထင်သလိုအသုံးချနေကြတဲ့ ဖြစ်ရပ်များကို ဆက်လက်တင်ပြပါမယ်။ ဒီပုံ တွေက ရာဘာခြံတွေ၊ ဥယျာဉ်ခြံတွေကို မြေကြီးတူးရောင်း၊ အိမ်ကွက်ဖော်ရောင်းနေကြတဲ့ ပုံတွေ ဖြစ်ပါတယ်။ အချို့အကွက်တွေက အခြားနည်းသုံးစွဲခွင့်အတွက် လျှောက်လွှာတင်ထားဆဲ ဖြစ်ပါတယ်။ အချို့အကွက်တွေကျတော့ သူများလုပ်တာကို အားကျပြီး မိမိသဘောနဲ့မိမိ လုပ်ချင်ရာလုပ်နေကြတာ ဖြစ်ပါတယ်။ ဒါပေမဲ့ ခွင့်ပြုချက် ကျကျ၊ မကျကျ ခြံကွက်ကတော့ အိမ်ကွက်ဖြစ်သွားပါပြီ။ ဒီ အလေ့အထဟာ အခုဆိုရင် ပိုခေတ်စားလာပြီး လယ်ယာမြေဥပဒေဆိုတာ စာအုပ်ထဲမှာပဲ ပုန်းနေရတဲ့ အဆင့်ရောက်နေပြီဖြစ်ပါတယ်။ သက်ဆိုင်ရာ တာဝန်ရှိသူတွေကလည်း ဥပဒေကျူးလွန်သူတွေကို ပြောနေ၊ တားနေမယ့်အစား Win - Win ပေါ်လစီကိုပဲ ကျင့်သုံးကြပါတော့တယ်။

ဒါက နောက်ပုံစံတစ်မျိုးပါ။ ဒီပုံမှာ ပြထားတဲ့နေရာဟာ အရင်က၊ လမ်းမရှိခင်က စပါးအထွက် ကောင်းတဲ့ လယ်ကွင်းတွေ ဖြစ်ပါတယ်။ ဒီလယ်ကိုဖြတ်ပြီး လမ်းဖောက်လိုက်တယ်။ အခုဆို အဲဒီ လယ်တွေဟာ ရေငန်ဝင်တဲ့ လယ်ပျက်တွေ အလိုလိုဖြစ်ကုန်ပါတယ်။ ပြီးတော့ လမ်းနံဘေးမှာ စည်းစနစ် မကျတဲ့ အိမ်တွေ ဖြစ်ပေါ်လာပါတယ်။ ဒါတွေကို ဥပဒေနှင့်အညီ စီမံခန့်ခွဲဖို့ တာဝန်ရှိသူတွေက မသိချင်ယောင်ဆောင်နေကြပါတယ်။ စ စချင်း တားဖို့လိုပါတယ်။ နိုင်ငံတကာမှာတော့ ဒီလို ကိုယ့်လယ် ရှေ့လမ်းပေါက်လာရင် ကိုယ့်လယ်အတွက် လိုအပ်တဲ့ ပစ္စည်းတွေကို လွယ်လွယ်ပို့နိုင်တယ်။ ကိုယ့် လယ်ယာထွက်ကုန်တွေ ဈေးကွက်ကို လွယ်လွယ်သယ်ပို့နိုင်လို့ လယ်သမားတွေလည်း ဝင်ငွေတိုး၊ နိုင်ငံလည်း ထုတ်ကုန်တိုးပြီး နှစ်ဖက်စလုံး အကျိုးရှိပါတယ်။ ကိုယ့်လယ်ယာ ထွက်ကုန်ပစ္စည်း ဈေးကွက်ကို ကိုယ့်ရှေ့ရောက်အောင် ဒီလမ်းကို အကျိုးရှိရှိ အသုံးချကြပါတယ်။

ဒါပေမဲ့ ဒီနိုင်ငံမှာတော့ လမ်းပေါက်သွားပြီဆိုတာနဲ့ အဲဒီလမ်းဘေးက လယ်ရှင်၊ ခြံရှင် တွေက ကိုယ့်လယ်၊ ကိုယ့်ခြံကို ရေတို ငွေရတဲ့နည်းနဲ့ အကွက်ဖော်ရောင်းစားဖို့ ပြင်သူကပြင်၊ စီးပွားရေးသမားတွေက အိမ်ကွက်ဖော်ဖို့ ကြိုတင်ဝယ်။ ဒါကြောင့် လမ်းဘေးခြံတွေ၊ လယ်တွေဟာ ဈေးတက်ကုန်ပြီး စိုက်ပျိုးရေးထွက်ကုန်များ ထုတ်လုပ်ရာ အရင်းအမြစ်ဖြစ်ရာကနေ စီးပွားရေးအတွက် ရင်းနှီးမြှုပ်နှံရာ အခြေပစ္စည်းဖြစ်သွားတော့ နိုင်ငံရဲ့ စိုက်ပျိုးရေးကဏ္ဍအတွက် အကျိုးမဲ့တဲ့ အခြေအနေ ဖြစ်သွားပါတယ်။ အဓိကအချက်ကတော့ စိုက်ပျိုးမြေတွေကို ပရမ်းပတာ အလွဲသုံးနေမှုများကို ဥပဒေ နှင့်အညီ ထိန်းချုပ်ရမယ့်သူတွေက တာဝန်ပျက်ကွက်နေခြင်းကြောင့်ဖြစ်ပါတယ်။

လေးစားရတဲ့ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ အခုနောက်ဆုံး ဖြစ်နေတဲ့ အခြေအနေကို တင်ပြပါမယ်။ ဒီပုံတွေက သစ်ပါးလွှာထုတ်လုပ်တဲ့စက်ရုံတွေ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ အခုလို စည်းမဲ့ကမ်းမဲ့ အပင်တွေကို ခုတ်လှဲလို့ရနေတဲ့အပေါ် အဲဒီလို ခုတ်လှဲခွင့်မရှိတဲ့ နိုင်ငံတွေက စီးပွားရေးသမားတွေဟာ ခုဆို ပြည်တွင်းကို ဝင်ရောက်လာကြပြီဖြစ်ပါတယ်။ အများစုက သစ်ပါးလွှာထုတ်လုပ်တဲ့လုပ်ငန်းရှင် တရုတ်နိုင်ငံသားတွေ ဖြစ်ပါတယ်။ သစ်ပါးလွှာထုတ်မယ့် စက်ရုံတွေကို ခုနပြောခဲ့သလို မြေယာလွှဲပြောင်းသုံးစွဲခွင့် မကျသေးခင်မှာဘဲ မြေကွက်ရှင်း၊ မြေညှိ၊ စက်ရုံကတည်လို့ မပြီးတပြီးဖြစ်နေပါပြီ။

ဒီစက်ရုံတွေဟာ ရာဘာပင်၊ ညောင်းပင်၊ ပိန္နဲ၊ သစ်တို၊ မလေးရှားပိတောက်၊ ယူကလစ် သစ်ဖြစ်ရင်ပြီး အပင်ကြီးမှန်သမျှ အကုန်ဝယ်ပါတယ်။ ကျွန်တော်တို့ဆီက လူတွေကလည်း ဒါမျိုးဆို လုံးဝအရှုံးခံတတ်သူတွေမဟုတ်တော့ တွေ့တာအကုန် ခုတ်ရောင်းပါတယ်။ ပင်စည်လုံးပတ်ကြီးတာ စက်ရုံပို့ ကျန်တာထင်းခြမ်းလုပ်၊ ဒီပုံက လက်ကျန်ထင်းတွေ လာတင်တဲ့ ကားတစ်စီးပုံ ဖြစ်ပါတယ်။ ကျွန်တော် ဒီအပတ် လွှတ်တော်လာတက်ရင်း လှမ်းရိုက်ထားတဲ့ပုံ ဖြစ်ပါတယ်။ ဒီအတွက် နိုင်ငံကတော့ ဒဏ်ရာတွေသာ တစ်ခုပြီးတစ်ခု ရနေပါတယ်။ သစ်တင်ကားကြီးတွေကြောင့် မနှစ်က ခင်းတဲ့ လမ်း ဒီနှစ်ပျက်ကုန်ပါတယ်။ အပင်ကြီးတွေ ခုတ်လို့ ဂေဟပျက်ပါတယ်။ ခုတ်ပြီးတဲ့နေရာတွေကိုလည်း အခြားနည်းသုံးလိုက်တာမို့ စိုက်ပျိုးမြေ လျော့သွားပါတယ်။ ဒီလိုသာ ဆက်သွားနေရင် စိုက်ပျိုးရေး ထွက်ကုန်တွေကိုပါ ရေရှည်မှာ ထိခိုက်လာမှာဖြစ်ပါတယ်။ ဒါတွေကို တာဝန်ရှိသူတွေက မဆိုင်သလို နေ နေကြပါတယ်။

လွန်ခဲ့တဲ့ နှစ် (၃၀)(၄၀)တုန်းကဆိုရင် ခုလို ခြံတစ်ခြံလုံး ခုတ်လှဲပြီး အိမ်ကွက်ရိုက်ဖို့ မပြောနဲ့။ ရာဘာတစ်ပင်တောင် ခွင့်ပြုချက်ရယူပြီးမှ ခုတ်ရဲကြတာပါ။ ကျွန်တော်တို့နိုင်ငံရဲ့ ဥပဒေ စည်းနှောင်မှုအား တာဝန်ရှိသူတွေရဲ့ မိမိတာဝန်အပေါ် အလေးထားမှု ဘယ်လောက်လျော့ရဲနေသလဲ ဆိုတာ ဒီဖြစ်ရပ်မှာ အထင်းသား ပေါ်လွင်နေပါတယ်။ ဒီလိုသာ ဆက်ဖြစ်နေမယ်ဆိုရင် နောင်တစ်ချိန်မှာ ကျွန်တော်တို့ နိုင်ငံရဲ့ စိုက်ပျိုးရေးထွက်ကုန်တွေပါ လျော့နည်းကျဆင်းလာပြီး နိုင်ငံရဲ့ အနာဂတ် စီးပွားရေးအတွက်ပါ စိုးရိမ်ဖွယ်အနေအထား ဖြစ်ပါတယ်။ ခုနက ဦးခင်ဝင်း ရဲ့ အဖြေကို ဒုတိယ ဝန်ကြီး လာဖြေသွားတဲ့အခါမှာ ဥပဒေမဲ့ သုံးစွဲနေမှုများကို ဒဏ်ကြေးရိုက်ဖို့ စီစဉ်နေတယ်လို့ ဆိုပါတယ်။ ဥပဒေမဲ့ သုံးစွဲနေတဲ့ မြေပိုင်ရှင်များကိုသာ အရေးယူဆောင်ရွက်ဖို့ပါပြီး တာဝန်ပျက်ကွက်တဲ့ ဌာန၊ ဝန်ထမ်းများကို ဘယ်လို ဆောင်ရွက်မယ်ဆိုတာ မပါ ပါဘူး။ အခုဖြစ်နေတာက အဲဒီ ခြံရှင်တွေနဲ့ သက်ဆိုင်ရာဌာန၊ ဝန်ထမ်းတွေ ပေါင်းလုပ်နေကြလို့ အခုလောက်ထိ ဒီ ပြဿနာ ကြီးထွားလာခြင်း ဖြစ်ပါတယ်။

ဒါကြောင့် ယခုလို မြေယာကိစ္စနှင့်ပတ်သက်တဲ့ ကိစ္စရပ်များကို အဓိက အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ ကော်မတီ(၃)ရပ်နှင့်အတူ ဆက်စပ်ဌာနဆိုင်ရာ ဝန်ထမ်းများရဲ့ လုပ်ရပ်များကို အချိန်မီ ထိန်းညှိနိုင်ရန်အတွက်လည်းကောင်း၊ နောင်လာမည့် အနာဂတ်ကာလအတွက် စည်းနှောင်မှု အားကောင်းတဲ့ မြေယာစီမံခန့်ခွဲမှုစနစ်နှင့် ထိုစနစ်ကို တိကျစွာအကောင်အထည်ဖော်နိုင်မည့် ကော်မတီများ ဖြစ်ထွန်းပေါ်ပေါက်လာစေရန်အတွက်လည်းကောင်း ထိရောက်အောင် ဆောင်ရွက် နိုင်မယ့် အစီအမံတစ်ခုကို အလျင်အမြန် ရေးဆွဲချမှတ် အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဤလွှတ်တော်ကြီးအား တင်သွင်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

၂၀၁၀ ပြည့်နှစ် နှင့် ၂၀၁၈ ခုနှစ်၊ ကျုံးသိုက်ချောင်းနံဘေး အခြေအနေပြပုံ (စ)




မြေယာလွှဲပြောင်းအသုံးချခွင့် မကျသေးမီ အကွက်ဖော်ထားမှု အခြေအနေပြပုံ (စ-၁)



ခွင့်ပြုချက်မရသေးမီ တည်ဆောက်ထားသော သစ်ပါးလွှာစက်ရုံ မြင်ကွင်းပုံ (စ-၂)



**အချိန်၊ ၁၁း၁၇။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၁၇။**

**ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်သော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း ရဲ့ အဆိုကို လွှတ်တော်ကနေပြီးတော့ ဆွေးနွေးလက်ခံဖို့အတွက် ကျွန်တော် ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြီးခဲ့တဲ့ ၁၆-၇-၂၀၁၈ ရက်နေ့က ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ (၂၁)ရာစုပင်လုံ တတိယအစည်းအဝေးမှာ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ အခြေခံမူ တွေထဲမှာ၊ မြေယာကို အသုံးပြု၍ စီမံကိန်းလုပ်ငန်းအမျိုးမျိုးဖော်ဆောင်ရာတွင် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ ထိခိုက်မှုဆန်းစစ်ခြင်း၊ လူမှုရေးဆိုင်ရာထိခိုက်မှု ဆန်းစစ်ခြင်း၊ ကျန်းမာရေးဆိုင်ရာထိခိုက်မှု ဆန်းစစ်ခြင်း၊ ဒေသခံပြည်သူလူထုနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို ကြိုတင်ပြုလုပ် ရမည်ဆိုတဲ့ မူတစ်ရပ် ကျွန်တော်တို့ လက်မှတ်ထိုးပြီးပါပြီ။ ဒီလက်မှတ်ထိုးပြီးတဲ့မူကို ဆက်လက် အကောင်အထည်ဖော်နိုင်ဖို့ဆိုလို့ရှိရင် စောစောက ဦးမျိုးဝင်း တင်သွားတဲ့ အဆိုကို လွှတ်တော်ကနေ ဆွေးနွေးပေးဖို့အတွက် ထောက်ခံပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၁၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးမျိုးဝင်း တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ မြန်မာနိုင်ငံတွင် လယ်ယာဥယျာဉ်ခြံမြေများကို စည်းကမ်းမဲ့စွာ အကွက်ဖော် ရောင်းစားနေကြခြင်းတို့ကြောင့် စိုက်ပျိုး မြေများ အလျင်အမြန် လျော့နည်းလာခြင်း၊ မြို့ပေါ်နှင့် ကျေးရွာများတွင် နောင်တစ်ချိန် လိုအပ်ပါက အသုံးပြုနိုင်ရန် ချန်လှပ်ထားသော မြေလွတ်များ ပျောက်ဆုံးကုန်ခြင်း စသည်တို့နှင့် အဓိက သက်ဆိုင် သော စီမံခန့်ခွဲမှုကော်မတီ၊ စည်ပင်သာယာရေးကော်မတီနှင့် လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီ အဆင့်ဆင့် (ကော်သုံးကော်)တို့၏ လျော့ရဲပြီး အဂတိတရားမကင်းသည့် လုပ်ဆောင်ချက်များကို ထိရောက်စွာ ထိန်းညှိပေးနိုင်မည့် အစီအမံတစ်ခုကို အလျင်အမြန် ရေးဆွဲပြဋ္ဌာန်း အကောင်အထည် ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို ဖြစ်ပါတယ်။

ဒါကြောင့် ဒီအဆိုကို လက်ခံဆွေးနွေးရန် သင့် မသင့် လွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက -

သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးမျိုးဝင်း ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးမျိုးဝင်း တင်သွင်းတဲ့ အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညှိနှိုင်းရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် သတ္တမနေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၈ ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၁၁း၂၀ နာရီအချိန်တွင် ရပ်နားပါသည်။]